www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



စာမူခွင့်ပြုချက်အမှတ် ၅၀၁၇၂၃၀၃၀၉ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၀၃၂၀၄၀၉

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊ကျောက်မြောင်း။ တာမွေ၊ ရန်ကုန်မြို့။
၅၄၁၇၄၅၊၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁၊၀၉ ၅၀ ၂၁၃၅၄ ။
ပထမအကြိမ် – ၂၀၀၉ ခုနှစ်၊ (ဇူလိုင်လ)၊
အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

၈၉၅.၈၃
ပညာဒီပ
နှစ်ဆောင်ပြိုင်မာယာ /ပညာဒီပ။ – ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၀၉။
၁၅၀ – စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ပညာဒီပ

BURMESE CLASSIC .com



# ဒဿနလက်ဆောင်

➢ ရှေ့ခြေထောက်က အပေါ်လှေခါးထစ်ကို တက်သောအခါ
နောက်ခြေထောက်က အောက်လှေခါးထစ်ပေါ်မှ ရပ်တန့်
အထောက်အကူပြုပေးထားရသည်။
ဘဝလက်တွဲဖော်ဆိုသည်မှာ ထိုအတိုင်းပင်ဖြစ်သည်။

➢ အရှက်အကြောက် မရှိသူသည်...
သိက္ခာတန်ဖိုးကို နားလည်မည် မဟုတ်၊
သစ္စာမရှိသူသည်လည်း...
မေတ္တာချစ်ကို တန်ဖိုးထားတတ်မည် မဟုတ်ပေ။

➢ ဒေါသနှင့် မိုက်မဲမှုများက အတူလက်တွဲ၍လျှောက်သော
အခါ နောင်တ,တရားက ခပ်ဝေးဝေးမှာ နေရသည်။
သို့သော်လည်း မကြာခင်မှာ သူ့ခြေရင်းသို့ ရောက်လာ
ရသည်။

www.burmeseclassic.com

www.burmeseclassic.com

- အချစ်နှင့် ပတ်သက်၍ ပြောဆိုဆွေးနွေးခြင်းသည်...
  အချစ်ကို ဖန်တီးခြင်း ဖြစ်သလို...
  ဘဝသစ်အတွက် နိဒါန်းပျိုးခြင်းလည်းဖြစ်သည်။

- အပင်ပေါ်က သစ်သီးကို မနှစ်သက်ရုံနှင့်တော့ သစ်ပင်ကို
  ခုတ်လှဲပစ်မယ့် အကြံအစည်မျိုး ဘယ်သောအခါမှ
  မကြံစည်ပါနှင့်၊

- ပညာသင်နေခြင်းသည်...
  ဘဝကို ထုဆစ်ပုံဖော်ရန်အတွက်
  လက်နက်ကိရိယာ ပြင်ဆင်စုဆောင်းခြင်းပင်ဖြစ်သည်။

BURMESE CLASSIC .com

- သစ်ပင်သည် ရေသောက်မြစ် သွားရာနောက်သို့...
  အကိုင်းအခက်က လိုက်ရသည်၊
  လူတစ်ယောက်သည်...
  ရည်မှန်းချက်နောက်သို့သာ လိုက်သင့်ပေသည်။

- အချစ်ကြောင့် ဝေဒနာ ခံစားရခြင်းပင်လျှင်...
  တစ်ခါတစ်ရံ အသည်းနှလုံးက နှစ်သက်သဘောကျ
  လေ့ရှိသည်၊ အဘယ်ကြောင့်ဆိုသော်...
  အခြားခံစားမှုများနှင့် အရသာ မတူသောကြောင့်ဖြစ်သည်။

- အချိန်သည် အရည်အချင်းကို စမ်းသပ်နေသော
  အရာပင်ဖြစ်သည်။
  အချိန်ကို တန်ဖိုးမထားသူသည်...
  ဘဝအတွက် ဘာတစ်ခုမှ ရမည်မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com

- ကောက်ကျစ်မှုဖြင့် အချစ်ကို မယူသင့်ပေ။ တစ်နေ့သောအခါ ကောက်ကျစ်မှု ဟူသော အဆိပ်ရေသည် ပျော်ရွှင်မှုကို ဖျက်ဆီးတတ်လေသည်။

- ဘဝကို တန်ဖိုးထားတတ်သူသည် တန်ဖိုးမရှိသော အချစ်၏ဖြားယောင်းမှုကို ဥပေက္ခာပြုနိုင်ပေ၏။

- မေတ္တာတရားသည် အရာရာကို ဖြေရှင်းနိုင်သည်ဆိုသော်လည်း...နန္ဒောပနန္ဒ နဂါးမင်းလို မေတ္တာဓါတ် မခံယူနိုင်သူမျိုးကိုတော့ တန်ခိုးအာဏာသုံး၍ နှိမ်နင်းရသည်။ မေတ္တာနှင့် ဖြေရှင်းမရပါက တူညီသောတုံ့ပြန်မှုမျိုး ပေးရသည်လည်း ရှိသည်။

BURMESE CLASSIC .com

# (ဤဝတ္ထုတွင်ပါသောအခန်းများ)


အခန်း(၁) နှစ်ဆောင်ပြိုင်အိပ်မက်

အခန်း(၂) နဂါးနက်တောင်မှ အန္တရာယ်

အခန်း(၃) မြွေဖမ်းသူတို့၏ကြမ္မာဆိုး

အခန်း(၄) သစ်ပုတ်ပင်မှ သရဲ

အခန်း(၅) သစ်ပုတ်ပင် သဘက်ကြီးနှင့် မိတ်ဆွေဖွဲ့ရခြင်း

အခန်း(၆) ဝဋ်ကြွေးကံချေရမည့် ပရလောကသားနှစ်ဦး

အခန်း(၇) နဂါးနက်တောင်မှ မြွေဖမ်းပွဲ

အခန်း(၈) ထူးဆန်းသော အလမ္ဘာယ်ပြပွဲ

အခန်း(၉) ဘဝဆိုးသူများနှင့် လမ်းခွဲကြရခြင်း

အခန်း(၁၀) ဝဋ်ကြွေးကျေသူနှင့် ဘဝနိဒါန်း


www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁)

# နှစ်ဆောင်ပြိုင်အိပ်မက်

ပုပ္ပါးတောင်ကြီးသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွင်ရှိပြီး လူသိများလှသော တောင်ကြီးတစ်တောင်ဖြစ်ပေသည်။

ပဲခူးရိုးမဟု ခေါ်သော အလယ်ရိုးမတောင်တန်း၏မြောက်ဘက်စွန်းတွင် တည်ရှိပြီး ကျောက်ပန်းတောင်းမြို့နယ်၏အရှေ့ဘက် (၁၀)မိုင်ခန့်တွင် တည်ရှိလေသည်။

ပုပ္ပါးတောင်၏ပုံသဏ္ဍာန်မှာ အရပ်ဒေသ အသီးသီးမှ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လျှင် ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် မြင်ရလေသည်။

အနောက်ဘက်မျက်နှာဖြစ်သော ကျောက်ပန်းတောင်းမှ မြင်းခြံသို့ သွားသောလမ်းဘက်မှ ကြည့်လျှင် ယက္ကန်းယက်ခပ်သဏ္ဍာန် တွေ့မြင်ရသည်။

အရှေ့ဘက်မျက်နှာမှ ကြည့်လျှင် နွားလဘိုအသွင် ထင်ရသောကြောင့် ထိုအရပ်ဘက်မှာ နေကြသူများသည် နွားလှည်းအသုံးပြုရသော တောင်ယာအလုပ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုလျှင် ဖြစ်ထွန်းသည်ဟု အယူရှိကြသည်။

တောင်ဘက်မျက်နှာမှ ကြည့်လျှင် စပါးပုံကြီး အသွင်သဏ္ဍာန်မျိုး မြင်ရသောကြောင့် ထိုအရပ်ဒေသ၌ နေထိုင်ကြသူများမှာ စပါးစိုက်သော လယ်ယာအလုပ်မျိုးဖြင့် အသက်မွေးဝမ်းကျောင်းပြုပါက ဖြစ်ထွန်းသည်ဟု အယူစွဲရှိကြလေသည်။

အနောက်ဘက်မျက်နှာမှ ကြည့်လျှင် ဆင်ကြီးတစ်ကောင် ဝပ်တွားနေသည့် အသွင်သဏ္ဍာန်မျိုး မြင်ရသဖြင့် ထိုအရပ်ဘက်၌ နေထိုင်ကြသူများမှာ ဆင်ခြင်တုံတရား လက်ကိုင်ထားတတ်ကြလေသည်။

မြောက်ဘက်အရပ်မှ ကြည့်လျှင် ယက္ကန်းလက်ခပ်အသွင် မြင်ရသောကြောင့် ဝါဂွမ်းစိုက်ပျိုးခြင်းဖြင့်သော်လည်းကောင်း၊ ဝါဂွမ်းကို အသုံးပြု၍ ယက္ကန်းယက်လုပ်ခြင်းအလုပ်များဖြင့်သော်လည်း





တောင်း လုပ်ကိုင်ကာ စီးပွားရှာကြလေသည်။

ပုပ္ပါးတောင်ကြီးအား ဝန်းရံနေသော တောင်များထဲတွင် တောင်ကလပ်တောင်လည်း ပါဝင်ပေသည်။

ယခုတော့ ပုပ္ပါးတောင်မကြီးအား အစွဲပြု၍ ပုပ္ပါးတောင်ကလပ်ဟု ခေါ်ဝေါ်ကြသည်။

ရှေးအခါက ပုပ္ပါးတောင်ကလပ်ပေါ်သို့ တက်ရန် မလွယ်သည်မို့ တောင်ထိပ်ပေါ်မှ နွယ်ငန်းကြီးများ ရေသောက်ဆင်းလာသော အချိန်ကို စောင့်ပြီးမှ ၎င်းနွယ်ငန်းကြီးများကို ဆွဲ၍တက်ကြရသည်။

အချို့ကလည်း သံချိတ်များကို အသုံးပြုကာ တက်ကြလေသည်။ ပုပ္ပါးတောင်ကလပ်ပေါ်၌ သိဒ္ဓိရှိသော ဂမုန်းပင်၊ ဆေးပင်များ ရှိသဖြင့် တက်ရှောက်ရှာဖွေကြခြင်းဖြစ်သည်။

ပုပ္ပါးတောင်တဝိုက်တွင်. . .

ဗဟာန်းနက်၊ တာလဗီဇကျောက်ချဉ်နက်၊ ကန့်ကူဆံနက်၊ ပယင်းနက်၊ စလင်းနက်၊ လကြီးနက်၊ အဖြိုက်နက်၊ မဟူရာနက်၊ သန္တာနက်၊ ကန့်ကျုတ်နက်၊ နန္ဒင်းနက်၊ ဟုန်းနက်၊ ဆပ်ချိုနက်၊ ဒေါ်ရင်းနက်၊ စပလင်နက်၊ သက်ရင်းနက်၊ ကျွန်းနက်၊ နေဇာနက်၊ နေကြာနက်၊ ပိန်းနက်၊ စကားနက်၊ သဇင်နက်၊ ဂမုန်းနက် အစရှိသော ရှားပါးသည့် ဆေးဖက်ဝင် အပင်နက်များ ရှိကြသလို အခြားဆေးဖက်ဝင်အပင်များလည်း ရှိကြလေသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထိုဆေးနက်ပင်များကို ရှင်မေဓနိယရသေ့သည် ဟိမဝန္တာမှ ယူဆောင်ကာ စိုက်ပျိုးခဲ့သည်ဟု မှတ်သားခဲ့ဖူးသည်။

ထိုဆေးနက်ပင်များမှာ ထိုက်သူများသာ ရှာဖွေတွေ့နိုင်ပြီး မထိုက်သူများ ရှာက ရှာဖွေမတွေ့နိုင်ပေ။

ထို့ပြင် ပုပ္ပားတောင်မကြီး ဂူပေါင်းများစွာတို့မှာ ဝန်းရံနေရာ ဂူ(၁၀)ဂူ၌ သိဒ္ဓိရှိသော ဆေးပင်(၁၀)မျိုးတို့လည်း ရှိပေသည်။

၎င်းတို့မှာ. . .

(၁) သေလဗ္ဗလဂူ၌ နေတြပဘာယဆေးပင် ပေါက်၏၊

(၂) ပါမောက္ခဝိဇ္ဇာဂူ၌ ဣန္ဒသာသယဆေးပင် ပေါက်၏။

(၃) ဈာနလာဘီဂူ၌ ဂမုန်းနက် ပေါက်၏။

(၄) သောဏ္ဏန္ဒရီဂူ၌ ကန့်ကျွတ်နက် ပေါက်၏။

(၅) နီလဂန္ဓဂူ၌ တောင်လုံးကျော်ပင် ပေါက်၏။

(၆) ယမတိဝရဂူ၌ ဂမုန်းနီပင် ပေါက်၏။

(၇) ကာမဒူတဂူ၌ ဆေးကမြင်းပင် ပေါက်၏။

(၈) ကပ္ပဌာသာရီဂူ၌ ဂမုန်းဖား၊ ပစပါပေါက် ကတ္တီပါရိုးနီပင် ရှိ၏။

(၉) မန္တိန္ဒြိယဂူ၌ ဂမုန်းရှင် သူငယ်ပင် ပေါက်၏။

(၁၀) ပိတိသမ္ဘဝဂူ၌ သောတပန်ဆေးပင် ပေါက်၏။

ဖြစ်ကြလေသည်။

ပုပ္ပါးတောင်မကြီးအား ဝန်းရံနေသော တောင်ပေါင်းများစွာ၊





ရွာပေါင်းများစွာ၊ လိုဏ်ဂူ၊ ရေကန်၊ စိမ့်စမ်း အစရှိသည်တို့မှာ သူ့နေရာနှင့်သူ ထူးခြားဆန်းကြယ်မှုများ ရှိကြလေသည်။

ယခုဖော်ပြမည့် နဂါးကွင်းရွာမှ ပုပ္ပါးတောင်မကြီးတဝိုက်တွင် ရှိသောရွာများအနက် တစ်ရွာအပါအဝင် ဖြစ်ပေသည်။

နဂါးကွင်းရွာဟု အမည်တွင်ရခြင်းမှာလည်း နဂါးနက်တောင်ကို အစွဲပြု၍ ပေါ်ပေါက်လာခဲ့သောအမည် ဖြစ်ပေသည်။

ရှေးအခါက နဂါးကွင်းရွာမှာ ပုပ္ပါးတောင်မကြီးကို အမှီပြု၍ နေထိုင်ကြကာ လယ်ယာအလုပ်များဖြင့် လုပ်ကိုင်စားသောက်ကြကာ များစွာအေးချမ်းသာယာသော ရွာတစ်ရွာ ဖြစ်ပေသည်။

သို့သော်လည်း နဂါးနက်တောင်တဝိုက်ကတော့ နယ်မြေကြမ်းသည်ဟု အယူရှိကြသဖြင့် တော်ရုံအကြောင်းမရှိဘဲ မသွားလာဝံ့ကြသောနေရာဖြစ်သည်။

အချို့က ဥစ္စာစောင့်များကို တွေ့ရသည်ဟု ပြောသလို. . .

အချို့လည်း တစ္ဆေသရဲ နာနာဘာဝများကို တွေ့မြင်ရသည်ဟု အမျိုးမျိုး ပြောကြလေသည်။

တစ်ခါက နဂါးကွင်း ရွာသားတစ်ယောက်မှာ နွားကျောင်းရင်းနှင့် နဂါးနက်တောင်ခြေသို့ ရောက်သွားလေသည်။

ထိုနေရာတဝိုက်သည် သစ်ပင်အရိပ်များ ကောင်းလှပြီး နွားများအတွက်လည်း စားကျက်မြေ ကောင်းလှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



နဂါးတွင်းရွာသား နွားကျောင်းသမား ဟန်မောင်မှာ နွားများကို စားကျက်တွင် လွှတ်ကျောင်းထားပြီးနောက် အရိပ်ကောင်းသော သစ်ပင်အောက်သို့ ဝင်ကာ ရှင်ပြုလျှင် ရွတ်ဆိုရမည့် သင်္ကန်းတောင်းများကို ရွတ်ဆိုနေလေသည်။

၎င်းမှာ အသက်(၁၆)နှစ်ခန့်ရှိပြီး ဦးခေါင်းပေါ်မှာ ဆံရစ်ဝိုင်းကြီးနှင့် ဖြစ်သည်။

ဒီနှစ်ပေါက်လျှင် မိဘများက ရှင်ပြုပေးမည်ဟု ပြောထားသဖြင့် ယခုကတည်းက သင်္ကန်းတောင်းစာများကို ကျက်မှတ်နေခြင်း ဖြစ်သည်။

ထိုသို့ရွတ်ဖတ်နေရင်းမှပင် အတန်ကြာသောအခါ မှေးကနဲ အိပ်ပျော်သွားလေသည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်နေသည် မသိရပေ။

မိမိအမည်ခေါ်သံ ကြားရသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်သော အခါ သူနှင့် မလှမ်းမကမ်းနေရာတွင် ရပ်နေသော မိန်းကလေးနှစ်ယောက်ကို မြင်ရသည်။

နှစ်ယောက်စလုံးမှာ အသက်(၁၆)နှစ်ဝန်းကျင်ခန့်ရှိပြီး ရုပ်ချင်းကလည်း ဆင်ဆင်တူသည်။

အုပ်လုံးသိမ်းပြီးစ ဆံပင်ကို နောက်ဖက်တွင် ထုံးထားသဖြင့် ရှင်းသန့်သောမျက်နှာများကို တွေ့ရသည်။





ကိုယ်ပေါ်တွင် အနက်ရောင်အင်္ကျီလုံချည်တို့ကို ဆင်တူဝတ် ဆင်ထားကြလေသည်။

ဟန်မောင်က တစ်ခါမှ မမြင်ဖူးသော မိန်းကလေးနှစ်ယောက်ကို တွေ့မြင်ရသဖြင့် တအံ့တသြဖြစ်ကာ နေရာမှ ထလေသည်။

“ခင်ဗျားတို့က ဘယ်သူတွေလဲဟင်”

“ကျွန်မနာမည်က စောလှနွယ်၊ သူ့နာမည်က စောမြချယ်လို့ ခေါ်ပါတယ်”

“ခင်ဗျားတို့က ရုပ်ချင်းလည်း ဆင်တော့ ညီအစ်မလားဟင်”

“ဟုတ်ပါတယ်”

“ဘယ်ရွာမှာ နေကြတာလဲဟင်”

“နဂါးနက်တောင်ရွာမှာ နေကြတယ်”

“ဟင်. . . နဂါးနက်တောင်ရွာရယ်လို့ တစ်ခါမှ မကြားမိပါလား၊ ဘယ်နားမှာ ရှိတဲ့ရွာလဲဟင်”

စောလှနွယ်ဆိုသော မိန်းကလေးက နဂါးနက်တောင်ကြီး ရှိသောဘက်သို့ လက်ညှိုးထိုးပြသည်။

“အဲဒီမှာ ရှိတယ်”

“ဒီတောင်မှာ ရွာရှိတယ်၊ ကျွန်တော်လည်း ရောက်ဖူးပါတယ်၊ ရွာလည်း မတွေ့ရပါလား”

“ရှင်မယုံရင် ကျွန်မတို့ရွာကို လိုက်လည်မလား၊ ခေါ် သွားပေး



www.burmeseclassic.com

www.burmeseclassic.com



မယ်လေ”

“မလိုက်ဝံ့ပါဘူးဗျာ”

“ဘာဖြစ်လို့ မလိုက်ဝံ့တာလဲ”

“အဲဒီတောင်က နယ်မြေကြမ်းတယ်လို့ လူကြီးတွေ ပြောတယ်၊ နောက်ပြီး တစ္ဆေသရဲတွေလည်း ပေါတယ်လို့ ကြားဖူးတယ်. . ကြောက်ပါတယ်”

ထိုစကားကြားသောအခါ မိန်းကလေးနှစ်ယောက်စလုံးက သဘောကျစွာ ပြုံးလိုက်ကြလေသည်။

“တစ္ဆေသရဲတွေကို ကြောက်တယ်ဆိုရအောင် ရှင်က တွေ့ဖူး မြင်ဖူးလို့လား”

“မြင်တော့ မမြင်ဖူးသေးဘူးပေါ့၊ ဒါပေမယ့် သရဲတစ္ဆေဆိုမှတော့ ကြောက်စရာကောင်းမှာပေါ့”

“ကဲ. . . ကြည့်ပါဦး၊ ကျွန်မတို့နှစ်ယောက်ကရော ကြောက်စရာကောင်းနေလို့လား”

ထိုစကားကြားသောအခါ ဟန်မောင်မှာ အံ့သြသွားသည်။

“ခင်ဗျားတို့ကတော့ တစ္ဆေသရဲမှ မဟုတ်တာ၊ ဘယ်မှာ ကြောက်စရာကောင်းမလဲဗျ”

“မဟုတ်ဘူးလေ. . . ရှင်က တစ္ဆေတွေကို မမြင်ဖူးဘဲနဲ့ ကြောက်နေတာနဲ့စာရင် မြင်ဖူးပြီး ကြောက်တာက ပိုမကောင်းဘူး





လား”

မိန်းကလေးက ပြုံးစစ အမူအယာဖြင့် ပြောလိုက်ရာ ဟန်မောင်မှာ ပိုမိုကြောက်ရွံ့သွားလေသည်။

“ကဲ. . . ဒီမှာကြည့်၊ ကျွန်မ ရှင်ယုံအောင် လုပ်ပြမယ်၊ ဟိုးတောင်ခြေမှာ ရှင့်ရဲ့ကျွဲနွားတွေ ရှိနေတယ်မဟုတ်လား၊ အဲဒီနွားတွေ ကျွဲတွေကို ဒီနေရာကနေ လန့်အောင် လုပ်ပြမယ်. . . ကြည့်နေ”

ဟု ပြောသည်။

သူတို့ ရှိနေသောနေရာနှင့် ကျွဲနွားများ လွှတ်ကျောင်းထားသောနေရာမှာ ပေနှစ်ရာကျော်ခန့် ဝေးလေသည်။

စေလှန္တယ်ဆိုသောမိန်းကလေးက ၎င်း၏လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်ရာ တဖြည်းဖြည်း ရှည်ထွက်လာလေသည်။

လက်ဝါးကြီးကလည်း ကြောက်မက်ဖွယ်ကောင်းလောက်အောင် အကြီးကြီး ဖြစ်လာကာ အမွေးအမျှင်များ ထွက်လာလေသည်။

ထိုလက်ဝါးကြီးမှာ လေထဲ၌ တယမ်းယမ်းဖြင့် နွားများ ရှိရာသို့ သွားလေသည်။

အနီးသို့ ရောက်သောအခါ နွားများကို လိုက်လံခြောက်လှန့်လေရာ စားကျက်ထဲမှာ အေးအေးဆေးဆေး ရှိနေကြသော ကျွဲနွားများမှာ ခုန်ပေါက်ပြေးလွှားနေကြသည်ကို အတိုင်းသား လှမ်းမြင်နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဟန်မောင်က အလန့်တကြား အော်ပြောလိုက်လေသည်။

"မလုပ်ပါနဲ့ဗျ. . . ဒီလိုမလုပ်ပါနဲ့၊ ကျွဲနွားတွေ လန့်ပြေးသွားရင် အဖမ်းရခက်နေပါဦးမယ်"

ဟု ပြောလိုက်သောအခါ လေထဲမှာ တယမ်းယမ်း ဖြစ်နေသော လက်မည်းကြီးက မြွေတစ်ကောင်ပမာ နောက်ဘက်သို့ ပြန်တွေ့လာသည်။

ခဏကြာတော့ သူ့အနီး ပြန်ရောက်လာပြီး သူ့ခေါင်းပေါ်မှာ ဝဲနေလေသည်။

ပြီးမှ အောက်သို့ လျှောဆင်းလာကာ ဟန်မောင်ကိုယ်ပေါ်သို့ မြွေတစ်ကောင်ကဲ့သို့ ရစ်ပတ်ထားလိုက်တော့သည်။

"အမယ်လေး. . . မလုပ်ပါနဲ့ဗျ၊ ကြောက်ပါပြီ"

ပါးစပ်ကသာ အော်နေသော်လည်း လူကတော့ လှုပ်မရတော့ပေ။

"ရှင် ကျွန်မတို့နေရာကို လိုက်ခဲ့မလား"

"ကျွန်တော့်ကို မသတ်ဘူးဆိုရင် လိုက်ပါ့မယ်ဗျာ၊ ဒီလိုတော့ မလုပ်ပါနဲ့၊ အသက်ရှူကျပ်လှပါပြီ"

ဟု ပြောဆိုတောင်းပန်တော့မှ လက်ကြီးက တဖြည်းဖြည်း ပြန်တိုဝင်သွားကာ ပုံမှန်အတိုင်း ပြန်ဖြစ်သွားလေတော့သည်။





"ရှင်ကတိပေးပြီးပြီနော်. . . သွားကြရအောင်"

"ကျွန်တော်လိုက်တာကတော့ ဟုတ်ပါပြီ၊ နွားတွေကို ကြည့်မယ့်သူ မရှိလို့ ပျောက်သွားရင်တော့ ခက်လိမ့်မယ်ဗျ"

"ဒီအတွက် စိတ်မပူပါနဲ့လေ၊ ရှင့်ရဲ့နွားတွေ မပျောက်ရအောင် အစောင့်ထားပေးခဲ့ပါ့မယ်"

ဟု ပြောပြီး လက်ခုပ်တီးလိုက်သောအခါ တောထဲမှ မည်းမည်းသဏ္ဌာန်တစ်ကောင် ထွက်လာသည်။

အရပ်က သစ်ပင်ကြီးများနှင့် တန်းတူလောက် ရှည်ပြီး အမွေးရှည်များက တစ်ကိုယ်လုံး ဖုံးထားသည်။

နားရွက်ရှည်ကြီးနှစ်ဖက်က ဆန်ကောတမျှ ကြီးပြီး တဖျပ်ဖျပ် ခတ်နေလေသည်။

မျက်နှာမှာလည်း မျက်လုံးပြူးပြူး၊ ပါးစပ်ပြဲပြဲနှင့် ဘီလူးတစ်ကောင်အလား ကြောက်မက်ဖွယ်ကောင်းလှပေသည်။

"ဟဲ့. . . မြေဖုတ်ဘီလူး၊ ငါတို့ သူ့ကို ခဏခေါ်သွားမယ်၊ ဟိုတောင်ခြေမှာ ရှိတဲ့ ကျွဲနွားတွေ တစ်ကောင်မှ မပျောက်အောင် တခြားဘယ်နေရာမှ ထွက်မသွားအောင် ကြည့်ပေးထား"

ဟု အမိန့်ပေးလိုက်သည်။ မြေဖုတ်ဘီလူးကြီးက ကျွဲနွားများလှန်ထားရာဘက်သို့ ခြေလှမ်းကျဲကြီးများဖြင့် ထွက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ဟန်မောင်ခမျာ ဘယ်လိုမှ မငြင်းသာတော့ဘဲ မိန်းကလေးနှစ်ယောက် ခေါ်ရာနောက်သို့ ကြောက်ကြောက်လန့်လန့်ဖြင့် လိုက်ခဲ့ရလေတော့သည်။

သူလိုက်ခဲ့ရသောနေရာမှာ အခြားနေရာ မဟုတ်ဘဲ နဂါးနက်တောင်ရှိရာသို့ပင် ဖြစ်လေသည်။

ထိုနေရာသို့ ရောက်အောင် တောနက်တစ်ခုအတွင်းမှ ဖြတ်သွားရလေသည်။

ထိုတောနက်မှ လွန်သည်နှင့် တောင်ခြေတစ်နေရာတွင် ကြီးမားစည်ကားသော ရွာကြီးတစ်ရွာကို လှမ်းမြင်ရလေသည်။

ဟန်မောင်စိတ်ထဲမှာတော့. . .

“ဒီတောင်ခြေမှာ ရွာကြီးတစ်ရွာ ရှိနေတာ ငါတို့လည်း တစ်ခါမှ မမြင်ဖူးပါလား၊ ဘယ်နေရာမှာ ရှိတဲ့ရွာပါလိမ့်၊ ငါ့မျက်စိများ အမြင်မှားနေရော့သလား၊

လူကြီးတွေ ပြောသံကြားဖူးတာကတော့ နဂါးနက်တောင်ခြေနားမှာ ရှေးက သချိုင်းဟောင်းတစ်ခု ရှိတယ်လို့ပဲ ကြားဖူးပါတယ်၊ အခု ဒီရွာကြီးကို တွေ့ရတာ အံ့သြစရာပဲ”

ဟု တွေးနေမိလေသည်။

ရွာထဲသို့ ဝင်သွားသောအခါ ရှေးအခါက မြန်မာလူမျိုးများ ဝတ်ဆင်လေ့ရှိသော အင်္ကျီ၊ လုံချည်၊ ပုဆိုး၊ ခေါင်းပေါင်း၊ လက်ဝတ်





တန်ဆာများ ဝတ်ဆင်ကာ သွားလာနေကြသော ယောကျ်ား၊ မိန်းမ၊ ကလေးလူကြီး စသည်တို့ကို တွေ့မြင်ရလေသည်။

ဟန်မောင် ပါလာသည်ကို မြင်ရသောအခါ သွားများ ပေါ်အောင် ရယ်၍ ကြည့်ကြသည်။

ပါးစပ်ကသာ ရယ်နေသော်လည်း မျက်လုံးများက ကြောက်စရာကောင်းလောက်အောင် ငြိမ်နေသဖြင့် ဟန်မောင်စိတ်ထဲမှာ စိမ့်သွားသည်အထိ ကြောက်ရွံ့နေမိသည်။

“ဧည့်သည်ခေါ်လာတာလားဟေ့”

လူကြီးတစ်ယောက်က အသံသြသြကြီးဖြင့် လှမ်းမေးလိုက်သည်။

“ဟုတ်တယ်. . . သူ့ကို ခဏခေါ်လာတာဆိုတော့ ပြန်ပို့ပေးရမယ်”

ဟု စောလှနွယ်က ပြန်ပြောလိုက်သည်။

“ကိုယ့်ပိုင်နက်ထဲတောင် ရောက်မှပဲ၊ ဘာကြောင့် ပြန်ပို့နေတော့မလဲ”

ထိုလူကြီးက ထပ်ပြောသည်။

“မပို့လို့ မဖြစ်ဘူး၊ သူက မကြာခင် သင်္ကန်းစည်းတော့မယ့်လူဟဲ့၊ ပြန်မပို့ရင် ငါတို့တွေကို ဒဏ်ခတ်ခံရမှာပေါ့”

ဟု ပြောလိုက်မှ ထိုလူကြီးလည်း ထပ်မပြောတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်. . .

စောလှနွယ်နှင့် စောမြချယ်တို့နှစ်ယောက် သူ့ကို အိမ်ကြီးတစ်ဆောင် ရှိရာသို့ ခေါ်သွားလေသည်။

ထိုအိမ်ကြီးမှာ ရှေးခေတ်လက်ရာဖြင့် ဆောက်ထားသောအိမ်ကြီးဖြစ်ကာ နှစ်ဆောင်ပြိုင်အိမ်ပုံစံမျိုးဖြစ်သည်။

အပြင်ဘက်မှ လှမ်းကြည့်စဉ်က ရေနံချေးအရောင်များဖြင့် မည်းမှောင်နေသော်လည်း အတွင်းသို့ ဝင်သွားသောအခါ ခမ်းနားထည်ဝါသော အပြင်အဆင်၊ အသုံးအဆောင်ပစ္စည်းများကို တွေ့ရသည်။

အိမ်ဦးခန်းနေရာမှာတော့ ကြေးကွမ်းအစ်ကြီးတစ်လုံးကို ရှေ့မှာ ချပြီး ကွမ်းတမြုံ့မြုံ့ ဝါးနေသော အဖိုးကြီးတစ်ယောက်ကို တွေ့ရသည်။

အဘိုးကြီးက သျှောင်တစောင်း ထုံးထားပြီး ရင်ဖုံးအင်္ကျီ၊ ယောပုဆိုးတို့ကို ဝတ်ဆင်ထားသည်။

သူတို့ ဝင်သွားတော့ အဘိုးကြီးက တစ်ချက်လှမ်းကြည့်သည်။

"သူ့ကို ဘာကြောင့် ဒီနေရာကို ခေါ်လာတာလဲ"

"အလည်ခေါ်လာတာပါ အဘိုး"

"သူက မကြာခင် ရှင်ပြုတော့မယ့် လူတစ်ယောက်မှန်း သိရက်နဲ့ ဘာကြောင့် ခေါ်လာရတာလဲ၊ သူ တစ်ခုခု ဖြစ်သွားရင် အားလုံး





ဒဏ်ခတ်ခံရမယ်ဆိုတာ မသိကြဘူးလား"

အဘိုးကြီးက လေသံမာမာဖြင့် လှမ်းပြောလိုက်သောအခါ ညီအစ်မနှစ်ယောက်စလုံး ခေါင်းငုံ့သွားကြသည်။

"ဘုရား၊ တရား၊ သံဃာနဲ့ သက်ဆိုင်တဲ့လူ၊ ယုံကြည်ကိုးကွယ်တဲ့လူ၊ တရားတော်တစ်ခုခုကို ရွတ်ဖတ်သရဇ္ဈာယ်နေတဲ့လူတွေကို ဘယ်တော့မှ မနှောင့်ယှက်ရဘူး၊ နင်တို့ ခေါ်လာတဲ့အချိန်မှာ သူ ဘုရားစာ ရွတ်နေတာမဟုတ်လား"

"သက်န်းတောင်း ကျက်နေတာပါ ဘိုးဘိုး"

"သက်န်းတောင်း ကျက်နေတာ အသာထား၊ သူအိပ်ပျော်နေတဲ့အချိန်မှာ ဘုရားကို အာရုံရောက်နေတယ်ဆိုရင် အဲဒီလိုလူမျိုးကို မနှောင့်ယှက်ရဘူး၊

အဲဒီလို နှောင့်ယှက်မိရင် ဒီထက်နိမ့်ကျတဲ့ဘဝမျိုးကို ရောက်သွားကြလိမ့်မယ်"

"သမီးတို့ မှားသွားပါတယ် အဘိုး၊ ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပေးပါ"

"အပြစ်ဆိုတာ ကျူးလွန်ပြီးရင် တောင်းပန်လို့မရဘူး၊ ထိုက်သင့်တဲ့အပြစ်ဒဏ်ကို ကျေအောင်ဆပ်ပြီးမှ ဒီအပြစ်ကြွေးက ကျေနိုင်မယ်၊ ဒီအပြစ်ဒဏ်အတွက် နင်တို့ ဝဋ်ကြွေးခံရမယ်"

"ဘယ်လိုအပြစ်ဒဏ်မျိုး ခံရမှာပါလဲ အဘိုး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပြုတော့မယ့် လူတစ်ယောက်ကို အနှောင့်အယှက်ပေးမိတဲ့အတွက် လူတွေဆီမှာ ဝဋ်ကြွေးခံရလိမ့်မယ်"

ဟု ပြောလေရာ ညီအစ်မနှစ်ယောက်စလုံးမှာ မျက်စိမျက်နှာပျက်သွားကြပြီး မျက်ရည်များ ကျလာလေတော့သည်။

"သာသနာ့ဘောင် ဝင်မယ့်လူကို အနှောင့်အယှက်ပေးမိတာဟာ သာမန်လူတွေကို အနှောင့်အယှက် ပေးမိတာထက် အဆပေါင်းများစွာပိုပြီးအပြစ်ကြီးတယ်၊

ဒါကြောင့် ဒီအပြစ်ကံကြွေးကို ကျေအောင်ဆပ်ဖို့သာ ပြင်ထားကြပေရော့၊ သူ့ကိုလည်း မူလနေရာရောက်အောင် ပြန်ပို့ပေးလိုက်ကြပေတော့"

"ဟုတ်ကဲ့ ဘိုးဘိုး"

ထိုသို့ပြောဆိုပြီး မိန်းကလေးနှစ်ယောက်က ဟန်မောင်ကို ပြန်ခေါ်လာကြပြီး မူလနေရာ ရောက်အောင် ပြန်ပို့ပေးကြလေသည်။

ထို့နောက် ပြန်လှည့်ထွက်သွားကြရာ အနက်ရောင်များ ဖုံးလွှမ်းထားသည့် ကြီးမားသည့် မြွေကြီးနှစ်ကောင်အသွင်ပြောင်းကာ တောင်ခေါင်းအပေါက်အတွင်းသို့ ဝင်သွားသည်ကို လှမ်းမြင်လိုက်ရလေသည်။

ထို့နောက်တွင် ဟန်မောင်မှာ အိပ်ပျော်နေရာမှ လန့်နိုးလာလေတော့သည်။






မျက်လုံးဖွင့်ကြည့်လိုက်တော့ နေဝင်ရီတရောအချိန်သို့ပင်ရောက်နေချေပြီ။

စားကျက်အတွင်းမှာ သူလွှန်ထားသော ကျွဲနွားများကိုလည်း လှမ်းမြင်ရလေသည်။

ကျွဲနွားများကို လှမ်းရေကြည့်တော့ အကောင်မလျော့ဘဲ အားလုံးတွေ့ရသည်။

ဟန်မောင်မှာ သက်န်းတောင်းစာများကို ကျက်နေရင်း ရုတ်တရက် အိပ်ပျော်သွားရင်းမှ ထူးဆန်းသောအိပ်မက်ကို မြင်မက်နေခြင်းဖြစ်သည်။

သူသည် နေရာမှ ထရင်း မြွေနက်ကြီးနှစ်ယောက် ဝင်သွားသော တောင်ခေါင်းရှိရာဘက်သို့ လှမ်းမျှော်ကြည့်လိုက်သောအခါ အမှောင်ရိပ်များ လင်းနေသော တောင်ခြေတပိုက်တွင် ဂူပေါက်နှင့်တူသော မည်းမည်းသဏ္ဍာန်တစ်ခုကို လှမ်းမြင်ရသည့်အပြင် ထိုနေရာဘက်မှ မြွေတစ်ကောင် နှာမှုတ်သံနှင့် တူသော တရှူးရှူး မြည်သံများကိုပါ ကြားရသဖြင့် ဆက်မနေဝံ့တော့ဘဲ ကျွဲနွားများကို ပြန်သိမ်း၍ ရွာသို့ ပြန်လာခဲ့တော့သည်။





www.burmeseclassic.com

www.burmeseclassic.com





အခန်း(၂)

# နဂါးနက်တောင်မှ အန္တရာယ်

ဟန်မောင်က ရွာသို့ ပြန်ရောက်သောအခါ အိပ်မက်ထဲမှာ တွေ့မြင်ခဲ့ရသောအကြောင်းကို လူကြီးများအား ပြန်လည်ပြောပြလိုက်သောအခါ အားလုံးမျက်လုံးပြူးသွားကြတော့သည်။

"မင်းနှယ်. . . နဂါးနက်တောင်ဆိုတာ သာမညနေရာမျိုးမှ မဟုတ်တာ၊ အဲဒီနေရာထိများ ကျွဲနွားတွေ သွားကျောင်းရှိသလား



www.burmeseclassic.com

www.burmeseclassic.com



နွားထဲက အခြားလူတွေ အဲဒီတောင်ခြေမှာ နွားကျောင်းတိုင်း တွဲနွားတွေ အကောင်လိုက် ပျောက်ပျောက်သွားတာ မင်းမကြားဘူးလား"

"အရင်က အဲဒီလို မကြားမိတော့ စားကျက်ကောင်းတာနဲ့ ကျွန်တော်လည်း သွားကျောင်းမိတာပါ"

"သွားကျောင်းတာ အရေးမကြီးဘူး၊ မင်းက ရှင်ပြုတော့မယ့်လူ၊ တော်ကြာ မကောင်းဆိုးဝါးတွေက ဖမ်းစားထားလိုက်မှ ခက်နေမယ်ကွယ့်၊ ရှင်ပြုကာနီးလူဆိုတာ အသွားအလာ ဆင်ခြင်ရတယ်"

မိခင်ဖြစ်သူက စိုးရိမ်စွာဖြင့် ပြောသည်။

"ဒါထက် အမေ၊ အဲဒီနေရာမှာ ဘာတွေရှိသလဲဟင်"

"မကောင်းဆိုးဝါးတွေ ရှိတာပေါ့၊ လူယောင်ဆောင်နိုင်တဲ့ ကျတ်၊ တစ္ဆေ၊ ဥစ္စာသိုက်တွေ အများကြီးရှိတယ်၊ မင်းတို့အဘိုး ငယ်ငယ်တုန်းက အဲဒီနေရာမှာ ကိုယ်တွေ့ကြုံခဲ့ဖူးတဲ့ အဖြစ်အပျက်တစ်ခု ရှိခဲ့တယ်"

"ဘယ်လိုအဖြစ်အပျက်လဲ အမေ"

"ကျတ်တွေ လှည့်စားတဲ့အကြောင်းပေါ့"

"ကျွန်တော့်ကို ပြောပြစမ်းပါ အမေ၊ နားထောင်ချင်လို့ပါ"

ဟု ဟန်မောင် ပူဆာသဖြင့် မိခင်ဖြစ်သူက အောက်ပါအကြောင်းများကို ပြောပြလေသည်။





လွန်ခဲ့သောနှစ်ပေါင်းများစွာက နဂါးနက်တောင်ခြေ၌ စည်ကားသော ရွာကြီးတစ်ရွာ ရှိခဲ့ဖူးလေသည်။

နောက်ပိုင်းကာလ ရောက်သောအခါ ရောဂါဆိုးကြီးတစ်ခု ဝင်သဖြင့် တစ်ရွာလုံး သေကြပျက်စီးကြရာ ရွာပျက်သွားပြီး ထိုနေရာတဝိုက်တွင် သချိုင်းဟောင်းကြီးတစ်ခုသာ ကျန်ခဲ့လေတော့သည်။

ထိုသချိုင်းဟောင်းကြီး ရှိသောနေရာမှာ နာနာဘာဝများ အခြောက်အလှန့် များလှသောကြောင့် ဓါတ်သိများက မသွားမလာဝံ့ကြဘဲ အခြားတစ်နယ်တစ်ကျေးမှ ရောက်လာသူများသာ အမှတ်တမဲ့ သွားလာမိကြလေသည်။

တစ်ခါသော် ကျောက်ပန်းတောင်းဒေသတဝိုက်ကို စိုးပိုင်သော မြို့အုပ်မင်းတစ်ယောက်သည် နောက်ပါ တပည့်လက်သားများ ခေါ်၍ လှည်းတစ်စင်းဖြင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများကို လှည့်လည်စစ်ဆေးရင်းနှင့် နဂါးနက်တောင်ခြေတဝိုက်သို့ ရောက်လာလေတော့သည်။

ထိုနေရာတဝိုက်သို့ ရောက်သောအခါ ညဦးပိုင်းအချိန်ရောက်နေချေပြီ။

သို့သော်လည်း သူတို့သည် နားရန် ရွာမတွေ့သည်က တစ်ကြောင်း၊ ယခုလို မြို့နှင့် ဝေးသောနေရာမျိုး၌ မနားလိုသည်က တစ်ကြောင်းကြောင့် လှည်းကို ခပ်သွက်သွက် ခရီးနှင်လာကြရာ တစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရာ ရောက်သောအခါ ဆိုင်းဗုံသံများ ကြားရသဖြင့် ထိုအသံကြားရာ ဘက်သို့ လာကြလေသည်။

အတန်ကြာသောအခါ တောင်ခြေ၌ ရှိသော ရွာတစ်ရွာတွင် အလှူညည့်ခံပွဲတစ်ခုနှင့် ကြုံရလေသည်။

ကြီးကျယ်ခမ်းနားသော မဏ္ဍပ်ကြီးတစ်ခုအတွင်းတွင် ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားသောလူများစွာတို့ဖြင့် ကြိတ်ကြိတ်တိုး စည်ကားလှသည်ကို လှမ်းမြင်ရသည်။

ထိုမဏ္ဍပ်၏အရှေ့တွင် စင်တစ်စင် ထိုးထားပြီး ထိုစင်ပေါ်၌ ဇာတ်ပွဲကပြနေလေသည်။

ထိုနေရာသို့ လှည်းရောက်သောအခါ မဏ္ဍပ်အတွင်းမှ ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားသော လူကြီးတစ်ယောက်၊ မိန်းမကြီး တစ်ယောက် ထွက်လာပြီး လှည်းကို တားကြသည်။

လူကြီးမှာ ပိုးလုံချည်၊ ရင်ဖုံးအကျႌ၊ ပိုးပုဝါစသည်တို့နှင့် ဝတ်ဆင်ထားပြီး မိန်းမကြီးကလည်း စိန်ရွှေရတနာများ တစ်ကိုယ်လုံး ဝတ်ဆင်ထားရာ မဏ္ဍပ်နှင့် ဇာတ်စင်ပေါ်တွင် ထွန်းထားသော အောက်လင်းဓါတ်မီးအလင်းရောင်ဖြင့် ဝင်းဝင်းပြောင်ပြောင် ရှိနေလေသည်။

လှည်းအနီးသို့ ရောက်သောအခါ. . .

"အော်. . . မြို့အုပ်မင်းပါလား၊ ဘယ်ကများ ကြွလာတာပါလဲ၊ ကြုံကြိုက်တုန်း ကျွန်တော်မျိုးတို့အလှူပွဲမှာ အသုံးတော်ခံနေတဲ့





အငြိမ့်ပွဲကို ကြည့်ရှုတော်မူပါ"

ဟု ပြောဆိုတောင်းပန်သဖြင့် အားနာသောကြောင့် လှည်းကို ခေတ္တရပ်စေကာ လှည်းပေါ်မှ မဆင်းဘဲ ကြည့်လေသည်။

ထိုသို့ လှည်းရပ်လိုက်သည်နှင့် မဏ္ဍပ်အတွင်းမှာ ရှိနေကြသော မိန်းမပျိုအချို့ ထွက်လာပြီး လက်ဖက်ရည်၊ လက်ဖက်ပွဲနှင့် အခြားစားသောက်ဖွယ်ရာများ လာပို့ပေးကြသည်။

အလှူရှင် ဖြစ်ဟန်ရှိသော လူကြီးနှင့် မိန်းမကြီးတို့နှစ်ယောက်မှာလည်း လှည်းအနီး၌ ရပ်တန့်နေကြပြီး လှည်းနောက်မြီးကို တဖက်တချက် ကိုင်ထားကာ စားပါသောက်ပါနှင့် ညည့်ခံကြလေသည်။

မြို့အုပ်မင်းလည်း ပွဲကြည့်ချင်စိတ် မရှိဘဲ မြို့သို့ အမြန်ရောက်စေရန် ခရီးဆက်လိုလှပြီဖြစ်သော်လည်း အလှူရှင်နှစ်ဦးက လှည်းနောက်မြီးကို ကိုင်ကာ ညည့်ခံနေကြသဖြင့် အားနာသောကြောင့် စိတ်မပါလှဘဲ ဇာတ်စင်ပေါ်မှာ ကပြနေကြသည့်ပွဲကို လှမ်းကြည့်နေလေသည်။

ဇာတ်စင်မှာ အတန်ငယ်မြင့်ပြီး ဘေးတဖက်တချက်တွင် အောက်လင်းဓါတ်မီးတစ်လုံးစီ ထွန်းထားလေရာ အလင်းရောင်များက ကောင်းစွာရနေသည်။

ဇာတ်စင်ပေါ်မှာတော့ မင်းသား၊ မင်းသမီး၊ လူပျက်(လူရွှင်တော်)များက အခန်းစဉ်အတိုင်း ကပြနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်ဖက်ရှိ ဆိုင်းဝိုင်းမှလည်း အချက်ကျကျ တီးမှုတ်ပေး နေသည်။

အလှူရှင်နှစ်ဦးကတော့ လှည်းနောက်မြီးကို တစ်ယောက် တစ်ဖက်စီ ကိုင်ထားကြပြီး 'စားပါသောက်ပါ' ဟု တတွတ်တွတ် ပြော နေသော်လည်း မြို့အုပ်မင်းက အစားအသောက်များကို မစားသဖြင့် နောက်ပါတပည့်များကလည်း မစားဝံ့ကြပေ။

မင်းသား၊ မင်းသမီး နှစ်ပါးသွားခန်း ကသောအခါ သီချင်း တစ်ပုဒ်နှင့် တီးလုံးတစ်ပိုဒ် အဆုံးသတ်တိုင်း နံဘေးနားမှာ ထိုင်နေ သောလူပျက်က 'ကောင်းပေ့ကွာ' ဟု အော်ဟစ်ကာ ထိုင်ရာမှ ထခုန် လေရာ ပြန်မကျတော့ဘဲ ခုန်သလောက် အရပ်က ရှည်ထွက်သွားလေ တော့သည်။

ပွဲကြည့်နေသော ပရိသတ်များက 'ဝါး' ကနဲ သဘောကျစွာ ရယ်ကြလေသည်။

မြို့အုပ်နှင့် လှည်းသမားတို့မှာ ထိုမြင်ကွင်းကို ကြည့်ကာ အံ့သြလွန်းသဖြင့် ပါးစပ်အဟောင်းသားဖြစ်သွားကြလေသည်။

နောက်တစ်ဖန် မင်းသားက မင်းသမီးပုဝါစကို ဆွဲမြှောက် လိုက်ရာ မင်းသားလက်တံက အပေါ်သို့ (၆)တောင်ခန့် ရှည်တက်သွား ရာ ပြန်ကျမလာတော့ပေ။

ထိုအခါ ကျန်လူပျက်တစ်ယောက်က. . .





"ဒါမျိုးမှ ကြိုက်သဟေ့"

ဟု အော်ဟစ်ကာ ထခုန်လိုက်ပြန်ရာ ခုန်သလောက် အရပ်က ရှည်တက်သွားပြန်လေသည်။

ပရိသတ်မှာ ထိုမြင်ကွင်းကို ကြည့်ပြီး တဝါးဝါး တဟားဟားနှင့် အတောမသတ် ရယ်မောနေကြရာ ဆိုင်းဝိုင်းမှ ဆိုင်းတုတ်သည့်တိုင် ရယ်သံများက မရပ်တော့ပေ။

"ဟား. . ဟား. . ဟား"

"ဟီး. . ဟီး. . ဟီး"

ဟူသောအသံကြီးများက နေရာအနှံ့မှ ကြားလာရသည်။ ထို အခါမှ မြို့အုပ်မင်းလည်း အခြေအနေကို သဘောပေါက်သွားပြီး လှည်းသမားကို မောင်းခိုင်းလေတော့သည်။

"မောင်း. . . မောင်း၊ အမြန်မောင်းဟေ့"

ထိုသို့အမိန့်ပေးလိုက်သောအခါ နောက်မှ လှည်းနောက်မြီးကို တစ်ဖက်တချက် ကိုင်ထားသော ယောကျ်ားနှင့် မိန်းမကြီးတို့က ကိုင် ထားသည်ကို မလွှတ်သေးဘဲ. . .

"နေပါဦး ဘုရား. . . ပွဲကြည့်ပါဦးဘုရား၊ အစားအသောက် တွေ စားပါသောက်ပါဦး"

ဟု အော်ဟစ်ပြောဆိုနေကြလေသည်။

"ဟဲ့. . . လှည်းကို အမြန်မောင်းစမ်း"



www.burmeseclassic.com

ဟု ပြောသည်နှင့် လှည့်သမားများက နွားနှစ်ကောင်ကို ကြိမ်တို့၍မောင်းလေရာ လှည်းက အရှိန်ဖြင့် ထွက်သွားသော်လည်း နောက်မှ ဆွဲကိုင်ထားသော လက်နှစ်ဖက်က လှည်းနောက်မြီးကို ကိုင်မြဲကိုင်ထားလေရာ ရှည်ထွက်ကာ ပါလာလေသည်။

လူနှစ်ယောက်က နောက်ဖက်မှာ ကျန်ခဲ့သော်လည်း လက်တံရှည်ကြီးနှစ်ဖက်က ပါမြဲပါလာရာ လှည်းသမားများက လှည်းတုတ်များဖြင့် ရိုက်ဖြုတ်တော့မှ ပြုတ်ကျန်ခဲ့လေတော့သည်။

ထိုအခါမှ ပွဲကနေသူများရော ပွဲကြည့်နေသူများမှာ နောက်မှ တပြုံကြီး ထလိုက်လာကြလေတော့သည်။

"လိုက်ကြဟေ့. . . လိုက်ဟ"

ထိုသို့လိုက်လာသည်ကို မြင်သောအခါ မြို့အုပ်မင်းက လှည်းပေါ်တွင် အဆင်သင့် ယူဆောင်လာသော နှစ်လုံးပြူးသေနတ်ဖြင့် အချက်ပေါင်းများစွာ ပစ်ခတ်တော့မှ အော်သံများ တဖြည်းဖြည်းဝေးကာ ကျန်ရစ်ခဲ့ကြလေတော့သည်။

ဟန်မောင်မှာ မိခင်ဖြစ်သူ ပြောပြသောအထက်ပါအကြောင်းအရာများကို နားထောင်သောအခါ များစွာအံ့သြမိလေသည်။

"အမေ. . . မြို့အုပ်မင်းကို တစ္ဆေခြောက်တဲ့နေရာက နဂါးနက်တောင်နားမှာပေါ့နော်"

"အေး. . . ဟုတ်တယ်၊ အဲဒီတောင်ခြေနားမှာ သချိုင်း





ဟောင်းတစ်ခုရှိတယ်၊ အဲဒီနေရာက ခြောက်လိုက်တာ"

ထိုအခါ ဖခင်ဖြစ်သူကလည်း ပြောပြသည်။

"ငါ့သား နောက်ကို အဲဒီဘက်တွေကို အဖော်မပါဘဲ တစ်ယောက်တည်း မသွားမလာနဲ့"

"ဘာကြောင့်လဲ အဖေ"

"အဲဒီနေရာက အရင်က ဒီလောက်မဆိုးလှဘူး၊ အခုအတော်ကလေး သတင်းဆိုးလာတယ်"

"ဘယ်လိုသတင်းတွေလဲ အဖေ"

"နဂါးနက်တောင်ခြေတဝိုက်ကို နယ်ကျွံရောက်သွားတဲ့ ကျွဲနွားအချို့ အစအန ရှာမရအောင် ပျောက်သွားကြတယ်၊

တလောက နွားကျောင်းသားတစ်ယောက်နဲ့ သစ်ခုတ်သမားတစ်ယောက် အစအန ရှာမရအောင် ပျောက်သွားတယ်လို့ သတင်းကြားလိုက်မိတယ်"

ရှေးအခါက နဂါးကွင်းရွာအပါအဝင် နဂါးနက်တောင်ခြေတဝိုက်မှာ လွှတ်ကျောင်းထားကြသော်လည်း တစ်စုံတစ်ရာပျောက်ဆုံးပျက်စီးခြင်း မရှိကြပေ။

နောက်ပိုင်းကာလရောက်သောအခါ အချိန်တန်၍ လွှတ်ကျောင်းထားသော ကျွဲနွားများကို ပြန်လည်သိမ်းယူရသည့်အခါ တစ်ကောင်စ နှစ်ကောင်စ ပျောက်ချင်းမလှ ပျောက်နေသည်ကို သတိပြုမိ



www.burmeseclassic.com

ကြလေတော့သည်။

နယ်ကျွံ၍ ပျောက်နေသလားဟု လိုက်လံရှာဖွေကြသော်လည်း အစအနမျှပင် မတွေ့ကြရပေ။

အကယ်၍ တောကောင်များလက်ချက်ကြောင့် သေကြေပျက်စီးသည်ဆိုလျှင်တောင်မှ အစအနတော့ တွေ့ကြရမည်ဖြစ်သည်။ ယခုတော့ မတွေ့ရပေ။

အချို့ကလည်း နွားသူခိုးများ ခိုးယူဖျောက်ဖျက်ပစ်၍သာ ယခုကဲ့သို့ အစအန ပျောက်သွားသည်ဟု အထင်ရှိကြလေသည်။

ယခုတော့ ထိုကိစ္စနှင့် ပတ်သက်ပြီး အဖြေမရကြသေးပေ။

"ကျွဲနွားတွေ ဘယ်လိုကြောင့် ပျောက်တာလဲ အဖေ"

"အဲဒါကတော့ အခုအချိန်အထိ ဘယ်သူမှ မသိကြရသေးဘူး၊ ဒါပေမယ့် နဂါးနက်တောင်ခြေတဝိုက်မှာ အန္တရာယ်တစ်ခုခုတော့ ရှိနေတာ အမှန်ပဲ၊

ဒါကြောင့် မင်းကို အဲဒီနေရာဘက်ကို တစ်ယောက်တည်း အရဲစွန့်ပြီး မသွားနဲ့လို့ မှာရတာပေါ့"

ဟု ပြောပြလေရာ နောက်ပိုင်းတွင် ဟန်မောင်တစ်ယောက် နွားကျောင်းထွက်လျှင် ထိုနေရာသို့ မသွားဝံ့တော့ပေ။

ထိုအဖြစ်အပျက်များ ဖြစ်ပြီး ရက်အနည်းငယ်ကြာသောအခါ ထူးဆန်းသောအဖြစ်အပျက်တစ်ခုနှင့် ကြုံတွေ့ကြရလေသည်။





တစ်နေ့သည်၌ အခြားရွာတစ်ရွာမှ နွားလာကျောင်းသော နွားကျောင်းသားတစ်ဦးသည် နဂါးနက်တောင်ပတ်ဝန်းကျင်တဝိုက်၌ နွားများ လွှတ်ကျောင်းထားစဉ် ညနေပိုင်းအချိန်လောက်တွင် စားကျက်အတွင်း၌ လွှတ်ကျောင်းထားသောနွားများ အလန့်တကြား အော်ဟစ်၍ ပြေးလွှားလာသည်ကို လှမ်းမြင်ရသဖြင့် ထိုနေရာသို့ ပြေးသွားလေသည်။

ထိုအချိန်တွင် တောင်ခြေတဝိုက်ဆီမှ နွားတစ်ကောင်၏စူးစူးဝါးဝါးအော်သံကို ကြားရသဖြင့် ထိုနေရာသို့ ပြေးသွားလေသည်။

နွားအော်သံမှာ ကမ်းပါးပြတ်ရိုးကလေးထိပ်ဆီမှ ဖြစ်သည်။ ထိုကမ်းပါးပြတ်အတွင်း၌ ရေစားထားသောနေရာတစ်ခုမှာ လိုဏ်ခေါင်းကြီးကဲ့သို့ ဖြစ်နေရာ ထိုနေရာအတွင်း၌ နွားတစ်ကောင်၏ ဦးခေါင်းပိုင်းကို လှမ်းမြင်ရသည်။

နွားမှာ မျက်လုံးနှစ်လုံး ပြူးထွက်နေပြီး တဘဲဘဲ အော်ဟစ်နေသော်လည်း လှုပ်မရတော့ပေ။

နွားကျောင်းသားက စိုးရိမ်တကြီးဖြင့် အနီးရောက်အောင် သွားကြည့်သောအခါ နွားအော်သံနှင့်အတူ တရှူးရှူး နှာမှုတ်သံကြီး ကြားရသည်။

လိုဏ်ခေါင်းအတွင်းမှာ မှောင်နေသောကြောင့် နွား၏ကိုယ်တစ်ပိုင်းကိုသာ လှမ်းမြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အသေအချာ ကြည့်သောအခါ လင်ကွင်းအဝိုင်းလောက် ရှိသော နီနီရဲရဲ အလုံးကြီးနှစ်လုံးကို မြင်ရတော့မှ ထိတ်လန့်တကြားဖြင့် အော်ဟစ်ကာ ရွာဖက်သို့ ပြန်ပြေးလာလေတော့သည်။

"အမယ်လေး. . . လုပ်ကြပါဦးဗျ၊ နွားတစ်ကောင်ကို လိုဏ်ခေါင်းထဲက သရဲကြီး ဆွဲသွားလို့ဗျ၊ လုပ်ကြပါဦး. . . ကယ်ကြပါဦး"

ဟု အော်ဟစ်ကာ ရွာထဲသို့ ပြေးဝင်ကာ လူအများက အကျိုးအကြောင်း မေးကြရသည်။

ထိုအကြောင်းကို သိရသောအခါ သူကြီးကိုယ်တိုင် မောင်းထု လူစုစေသည်။

"ငါတို့ရွာက ကျွဲတွေနွားတွေ ဖျောက်တဲ့ တရားခံ တွေ့ရပြီ၊ လက်နက်ခဲလုံတွေ ယူပြီး တစ်ရွာလုံး လိုက်ခဲ့ကြရမယ်"

ဟု အမိန့်ထုတ်ကာ လူစု၍သွားကြလေသည်။

ထိုနေရာရောက်သောအခါ နွားကျောင်းသား ပြောသလို သရဲသဘက်ကို မတွေ့ရဘဲ နွားကို အကောင်လိုက် မြိုထားသဖြင့် နေရာ၌ မလှုပ်မယှက် ရှိနေသော မြွေကြီးတစ်ကောင်ကိုသာ တွေ့ကြရသည်။

မြွေကြီးမှာ တစ်ကိုယ်လုံး အနက်ရောင်ဖြစ်ကာ ကိုယ်လုံးမှာ ထန်းလုံးပမာ ကြီး‌ကာ ဦးခေါင်းမှာ ပုတ်တောင်ပမာ ရှိလေသည်။

"တွေ့ပြီဟ တရားခံ၊ ငါတို့ရွာက ပျောက်သမျှ ကျွဲနွားတွေကို ဖမ်းစားနေတဲ့တရားခံကို အခုမှ တွေ့ရတော့တယ်၊





ကိုင်း. . . သူ မလှုပ်နိုင် ဖြစ်နေတဲ့အချိန်မှာ လူအုပ်နဲ့ ဝိုင်းသတ်ကြရအောင်"

ဟု ပြောဆိုတိုင်ပင်ကာ ခဲလုံလက်နက်များကို အဆင်သင့်ကိုင်ကာ အနီးရောက်အောင် တဖြည်းဖြည်း တိုးဝင်သွားကြလေသည်။

မြွေကြီးမှာ ဦးခေါင်းတပိုင်းက လိုဏ်ခေါင်းအပြင်သို့ ထွက်ကာ ငြိမ်သက်နေလေသည်။

လူသံများ ဆူဆူညံညံ ကြားနေရသော်လည်း တစ်စက်ကလေးမျှ မလှုပ်သေးပေ။

လူအုပ်စုကြီး အနီးသို့ ရောက်သောအခါ ဖျပ်ကနဲ မျက်လုံးပွင့်လာလေသည်။

မျက်လုံးပွင့်လာသည်ကို မြင်ရုံနှင့် အားလုံးခြေလှမ်းတန့်သွားကြလေသည်။

ထို့နောက် ခေါင်းထောင်ထလာသည်။

ထိုအခါ လူအများမှာ ခြေလှမ်းပြန်ဆုတ်သွားကြသည်။ မြွေကြီးက လူအုပ်ကြီး ရှိရာဘက်သို့ ဦးခေါင်းလှည့်ကာ ပါးစပ်ကြီးကို အစွမ်းကုန် ဖြဲကာ ရှူးကနဲ မှုတ်ထုတ်လိုက်လေရာ မီးခိုးငွေ့ကဲ့သို့ ပြာနှမ်းနှမ်းအငွေ့များ ပျံ့လွင့်ထွက်လာလေသည်။

ထိုအခိုးအငွေ့များမှာ အဆိပ်ငွေ့များပင်ဖြစ်သည်။

ရှေ့ဆုံးမှာ ရှိနေကြသော လူအများမှာ ထိုအဆိပ်ငွေ့များ



www.burmeseclassic.com

www.burmeseclassic.com



သင့်ကာ အတုံးအရုံး လဲကျသွားလေရာ ကျန်လူများမှာ ရှေ့ဆက်မတိုးဝံ့ကြတော့ဘဲ နောက်ကြောင်းသို့ ပြန်ပြေးကြလေတော့သည်။





## အခန်း(၃)

# မြေဖမ်းသူတို့၏ကြမ္မာဆိုး

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ပြီးနောက် နဂါးကွင်း ရွာသူကြီးနှင့် ရွာသူရွာသားများမှာ ကျွဲနွားများ ပျောက်ဆုံးသည့် တရားခံကို ရှာတွေ့သော်လည်း ဘယ်ပုံဘယ်နည်း နှိမ်နင်းရမှန်း လမ်းစရှာမတွေ့နိုင်အောင် ရှိနေကြလေသည်။

အချို့ကလည်း မြွေနိုင်သည်ဆိုသော မြွေဆရာ၊ ပယောဂ



www.burmeseclassic.com

www.burmeseclassic.com



ဆရာများကို ရှာဖွေပင့်ဆောင်ကာ နှိမ်နင်းခိုင်းကြသည်။

အချို့ဆရာများက လိုက်လာပြီးမှ အခြေအနေကို ကြည့်ပြီး ပြန်ပြေးသွားကြသည်။

အချို့ကလည်း တခမ်းတနားဖြင့် မြွေဖမ်းရန် ပြင်ဆင်ကြပြီးမှ ဂါထာမန္တန်အမျိုးမျိုး ရွတ်သော်လည်း မြွေက တွင်းဝကိုတောင် ခေါင်းမပြူသဖြင့် လူပုံအလယ်မှာ အရှက်ရကာ ပြန်ပြေးသွားကြသည်။

အချို့ဆရာနှစ်ယောက်မှာတော့ ကန်တော့ပွဲများ၊ အင်းချပ်များဖြင့် စီရင်ပြီး မြွေထုတ်လေရာ မြွေက တွင်းဝသို့ ခေါင်းပြူလာပြီး အပြာရောင် အဆိပ်ခိုး အဆိပ်ငွေ့များဖြင့် မှုတ်ထုတ်လေရာ ပစ္စည်းများကိုပင် မယူနိုင်တော့ဘဲ ထွက်ပြေးကြရလေတော့သည်။

ထိုအခါ ရွာသူရွာသားများမှာ အမျိုးမျိုး ဝေဖန်ပြောဆိုကြလေသည်။

"မြွေက ဒီလောက်ကြီးနေမှတော့ ရိုးရိုးမြွေ မဟုတ်တာကတော့ သေချာတယ်၊ နတ်မြွေဖြစ်ချင်ဖြစ်၊ မဟုတ်ရင် သိုက်စောင့်မြွေဖြစ်မှာပဲ"

"တောင်စောင့်နတ်မြွေလည်း ဖြစ်နိုင်တာပဲဟ"

"ငါကြားဖူးတာကတော့ မြွေဒီလောက်ကြီးနေရင် ရိုးရိုးမြွေမဟုတ်တော့ဘူး၊ နဂါးဖြစ်ချင်ဖြစ်နေမှာပေါ့"

"အေး. . . ဒါလည်း ဖြစ်နိုင်တာပဲ၊ သူ့ပါးစပ်ထဲက မှုတ်ထုတ်





လိုက်တဲ့ အခိုးအငွေ့တွေဟာ နဂါးငွေ့တွေလိုပဲဟ"

"အဲဒါဆိုရင် ဘယ်ဆရာ လာဖမ်းဖမ်း ရမယ်မထင်ဘူး"

"အဲဒါက အရေးမကြီးဘူး၊ အခု ကျွဲနွားတွေကို နဂါးနက်တောင်ခြေကို လွှတ်မကျောင်းတော့ သူ့အတွက် အစာမရတော့ဘူးပေါ့၊ နောက်ဆုံး အစာမရတာ ကြာရင် ရွာထဲ ဆင်းလာရင်တော့ အခက်ပဲ"

"ဟုတ်တယ်. . . ဒီလောက်ကြီးတဲ့မြွေမျိုး ဆင်းလာရင်တော့ တစ်ရွာလုံး စေ့စေ့ညက်ညက် ကြေပြီး ရွာပျက်မှာ သေချာတယ်ဟေ့"

ဟု အမျိုးမျိုးပြောဆိုနေကြလေသည်။

ၶင်းတို့ စိုးရိမ်သည့်အတိုင်းပင် နောက်ပိုင်းရက်များတွင် ထိတ်လန့်ဖွယ်ရာကောင်းသော အဖြစ်အပျက်များကို ကြုံတွေ့ကြရလေသည်။

ညအချိန်ရောက်လာလျှင် နဂါးနက်တောင်ဘက်မှ ကျယ်လောင်သော မြွေတွန်သံများကို ကြားရသည်။

နောက်ပိုင်းတွင် မြွေတွန်သံများက ရွာနားအထိ ရောက်လာပြီး မီးရထားတွဲကြီးတစ်တွဲ ရွေ့လျားသွားသည့်အသံမျိုးကို ကြားကြရသည်။

ထိုအသံကြီး ပေါ်လာသည်နှင့် တစ်ရွာလုံး လျှပ်စီးလက်သကဲ့သို့ သိမ့်သိမ့်တုန်နေပြီး တင်းကုတ်များအတွင်း၌ ထားသော ကျွဲ နွား



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်၊ ဝက် အစရှိသော တိရစ္ဆာန်များမှာ ကြောက်လန့်တကြား အော်ဟစ်ရုန်းကန်နေကြလေသည်။

ထိုကဲ့သို့ အသံကြားရသော်လည်း ဘယ်သူမှ အပြင်မထွက်ဝံ့ကြပေ။ အချို့သတ္တိကောင်းသူများက လျှို့ဝှက်စွာဖြင့် ချောင်းမြောင်းကြည့်ရှုကြရာ ရွာအပြင်ဘက်မှ မီးရထားကြီးတစ်တွဲ ဖြတ်သွားသည့်နှယ် ရှည်လျားလှသော မြွေကြီး၏ပုံသဏ္ဌာန်ကို လှမ်းမြင်ရသည်။

မြွေကြီးတစ်ကိုယ်လုံး နက်မှောင်နေသော်လည်း ကောင်းကင်မှ အလင်းရောင်အချို့ကြောင့် ပြောင်လက်တောက်ပနေလေသည်။

ထိုသို့လာသည်နှင့် ရွာထဲမှ ကျွဲနွားတစ်ကောင်ကောင်တော့ ပါသွားတတ်ပေသည်။

နောက်တစ်နေ့နံနက်လင်း၍ ရွာအပြင် ထွက်ကြည့်သော အခါ မြွေကြီးသွားရာလမ်းတလျှောက်လုံးမှာ သစ်ပင်များ၊ စပါးခင်း၊ ပဲခင်းများ မြေပေါ်တွင် ပြားကပ်နေပြီး စွပ်ကြောင်းကြီး ဖြစ်ကျန်ခဲ့လေသည်။

သာမန်အရွယ်အစား ရှိသော သစ်ပင်များမှာ မြွေကိုယ်လုံးဖြင့် အဖိခံရသောကြောင့် မြေပေါ်မှာ ကြေမွပိပြားနေလေသည်။

ဤသို့ဖြင့် နဂါးကွင်း ရွာသားများမှာ နေ့တထိတ်ထိတ် ညတထိတ်ထိတ်ဖြင့် ရှိနေကြစဉ် အထက်အရပ်ဒေသမှ ဆင်းလာသော မြွေဖမ်းဆရာတစ်ဦး ရောက်လာသည်။





၎င်းနှင့်အတူ တပည့်နှစ်ယောက် ပါလာသည်။

ဆရာမှာ အသက်လေးဆယ်ဝန်းကျင်ခန့် ရှိပြီး အသားမည်းမည်းနှင့် တစ်ကိုယ်လုံး ဆေးမှင်ကြောင်အရုပ်များ ထိုးထားလေသည်။ သျှောင်တစောင်း ထုံးထားပြီး မျက်နှာပေါ်မှာ ကျောက်ပေါက် အမာရွတ်များရှိသည်။

ကွမ်းကို အဆက်မပြတ် ဝါးနေသဖြင့် သွားများမှာ မည်းညစ်နေသည်။ ၎င်းက သူကြီးအိမ် ရောက်သည်နှင့် အာဘောင်အာရင်း သန်သန်နှင့် ပြောလေတော့သည်။

"ကျုပ်နာမည်က နဂါးနိုင်ဆရာ မှတ်ကြီးလို့ ခေါ်တယ်၊ အနယ်နယ်အရပ်ရပ် လှည့်ပြီး ဆိုးပေ့ဆိုတဲ့မြွေတွေကို လိုက်ဖမ်းနေတဲ့ ဆရာ တစ်ယောက်ပေါ့၊

အခု ဒီနယ်မှာ မြွေနက်ကြီးတွေ သောင်းကျန်းနေတယ် သတင်းကြားလို့ ဖမ်းရအောင် ဆင်းလာတာပါ"

"ဒီမြွေကြီးတွေက သာမန်မြွေ မဟုတ်တန်ဘူး ဆရာကြီး၊ နတ်မြွေ သိုက်မြွေတွေ ဖြစ်ဖို့များတယ်၊ အကောင်ကလည်း အတော်ကြီးတယ်၊ နွားတစ်ကောင်ကို အကောင်လိုက် မျိုတယ်ဆိုတော့ စဉ်းစားကြည့်ပါတော့၊

ဖမ်းလို့ဖြစ်ပါ့မလား"

ဟု သူကြီးက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူးလေ. . . ဒီလောက်စိုးရိမ်စရာ မရှိပါဘူး၊ သိုက်မြွေဖြစ်ဖြစ်၊ နတ်မြွေပဲဖြစ်ဖြစ်၊ နဂါးပဲဖြစ်ဖြစ် ကျုပ်အစွမ်းနဲ့ ဖမ်းပြပါ့မယ်၊

ခင်ဗျားတို့ရွာသားတွေက ကျုပ်အတွက် တစ်ခုပဲ ကူညီပေးကြပါ"

"ဘယ်လိုအကူအညီမျိုးပါလိမ့်"

"မြွေကြီးကို ထည့်ဖို့ ပုတ်လောက်ကြီးတဲ့ ပခြုပ်ကြီးတစ်လုံးကိုသာ အမြန်ယက်လုပ်ပေးကြပါ"

ဟု ပြောလေရာ ရွာသူရွာသားများလည်း စိတ်ထဲက သိပ်မယုံကြည်လှသော်လည်း ကြိမ်နှင့်ဝါးများဖြင့် ပခြုပ်ကြီးတစ်လုံး ယက်ပေးလိုက်ကြလေသည်။

ထို့နောက်တွင် နဂါးနိုင်ဆရာမှတ်ကြီးဆိုသူသည် ဆေးလွယ်အိတ်ကြီးကို လွယ်လျက် တပည့်နှစ်ယောက်နှင့်အတူ နဂါးနက်တောင်ခြေသို့ သွားရာ ရွာသူရွာသားများလည်း ကြီးမားသောပချုပ်ကြီးကို သယ်မ,၍ နောက်မှ လိုက်ပို့ပေးကြရသည်။

မြွေဖမ်းမည့်နေရာသို့ ရောက်သောအခါ ရွာသူရွာသားများမှာ မြေပေါ်၌ မနေဝံ့ကြသဖြင့် အနီးပတ်ဝန်းကျင်ရှိ သစ်ပင်များအပေါ်သို့ တက်နေကြရလေသည်။

မြွေဆရာသည် မြွေနက်ကြီး ခိုအောင်းနေသော တွင်းပေါက်ဝ





ရောက်အောင်သွားပြီးနောက် စည်းများ ချကာ မြွေဖမ်းရန်အတွက် လိုအပ်သောပြင်ဆင်မှုများ ပြုလုပ်နေလေသည်။

တပည့်နှစ်ယောက်ကိုလည်း အကြောင်းရှိပါက အကူအညီ ပေးနိုင်ရန် မလှမ်းမကမ်း၌ အသင့်ရှိနေစေသည်။

ထို့နောက် ဆရာမှတ်ကြီးဆိုသူသည် ဆေးလွယ်အိတ်အတွင်းမှ အင်းချပ်များ၊ ဆေးရုပ်များကို ထုတ်၍ ဖယောင်းတိုင်မီးများ ထွန်းကာ ဂါထာမန္တန်များ ရွတ်ဖတ်လေသည်။

မြွေလာစေရန်အတွက် မြေပြင်သို့ ကြိမ်လုံးဖြင့် တဖုံးဖုံး ရိုက်ကာ ခေါ်လေသည်။

အတန်ကြာသောအခါ လိုဏ်ခေါင်းအတွင်းမှ မြွေတွန်သံကဲ့သို့ အသံမျိုးကြီး ပေါ်ထွက်လာပြီး တောင်ခေါင်းကြီးတစ်ခုလုံး မြေလျှင်လှုပ်သကဲ့သို့ သိမ့်သိမ့်တုန်လာလေတော့သည်။

ထိုအခါ ဆရာမှတ်ကြီးကလည်း ဂါထာမန္တန်များကို ပိုမိုကျယ်လောင်စွာ ရွတ်ဆိုလေတော့သည်။

သစ်ပင်ပေါ်မှ စောင့်ကြည့်နေကြသော ရွာသားများမှာလည်း ဒီတစ်ကြိမ်တော့ တကယ်မြွေနိုင်သည့်ဆရာ ရောက်လာပြီဟု အထင်ရှိကာ စိတ်ဝင်တစားနှင့် ကြည့်နေကြလေသည်။

အတန်ကြာသောအခါ လိုဏ်ခေါင်းအတွင်းမှ မြွေကြီး၏ ခေါင်းပြူထွက်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြွေမှာ အနက်ရောင် တဖိတ်ဖိတ် တောက်ပြောင်နေပြီး ဦးခေါင်းမှာ တင်းတောင်းအလုံးခန့် ရှိပေသည်။

ဆရာမှတ်ကြီးဆိုသူမှာ မြွေကြီးဦးခေါင်း ထွက်လာသည်ကို မြင်သောအခါ အနည်းငယ် လန့်သွားဟန် ရှိသော်လည်း ဟန်မပျက် အော်ဟစ်ပြောဆိုလိုက်သည်။

"အခုတော့ ငါဆရာရဲ့အစွမ်းကို မခံနိုင်တော့ဘူးမဟုတ်လား၊ နဂါးနိုင်တဲ့ ဆရာမှတ်ကြီးတဲ့ကွ၊ ဒီလိုမြွေမျိုး မဆိုထားနဲ့၊ နဂါးတောင် ငါ့ရဲ့ခြေရင်း ဝပ်စင်းစေတဲ့ဆရာကွ"

ဟု အော်ဟစ်ပြောဆိုလေရာ မြွေကြီးက လိုဏ်ခေါင်း အပေါက်ဝမှာ ခေါင်းတင်ပြီး ဆရာမှတ်ကြီးကို ကြည့်နေလေသည်။

"ဟဲ့. . . အပြင်ထွက်လာခဲ့လေ၊ နင့်အတွက် မြွေပခြုပ် အဆင်သင့် လုပ်ထားပြီးသားကွယ့်၊ ပခြုပ်ထဲကို ဝင်ပါတော့လား"

ဟု ဟန်ပါပါနှင့် ပြောဆိုနေရာ မြွေကြီးက တအိအိနှင့် အပြင်သို့ ထွက်လာတော့သည်။

ထိုအခါမှပင် သစ်ပင်ပေါ်မှာ ကြည့်နေသော ရွာသူရွာသားများမှာ ပါးစပ်အဟောင်းသားဖြစ်ကုန်ကြတော့သည်။

မြွေ၏ဦးခေါင်းမှာ စပါးခြင်သည့် တင်းတောင်းလုံးခန့် ကြီးပြီး ကိုယ်လုံးက ထန်းပင်လုံးခန့် ကြီးလေသည်။

တစ်ကိုယ်လုံး အနက်ရောင်ဖြစ်ပြီး ကိုယ်ပေါ်တွင် အကြေးခွံ





များ ပါလေသည်။

မျက်လုံးနှစ်လုံးမှာ လင်ကွင်းငယ်ခန့် ရှိပြီး ရဲရဲနီနေသည်။ မြွေကြီးမှာ ဂူအတွင်းမှ ထွက်လာသည်ဆိုသော်လည်း တဝက်တပျက်သာ ထွက်သေးသောကြောင့် အရှည်ဘယ်လောက်ရှိသည်ကို မသိကြရသေးပေ။

"ဟဲ့. . . ပခြုပ်ထဲကို ဝင်ပါတော့လား"

"ဖြီး. ."

ဟု တစ်ချက်မာန်ဖီကာ ပါးပျဉ်းထောင်ထလိုက်ရာ သစ်ပင်တစ်ပင်ကဲ့သို့ အပေါ်သို့ မြင့်တက်သွားကာ ဆရာမှတ်ကြီးအပေါ်မှ မိုးထားလေသည်။

"ဟာ. ."

ထိုအခြေအနေကို မြင်တော့ ဆရာမှတ်ကြီးမှာ အထိတ်အလန့်ဖြစ်သွားပြီး ရွတ်နေသောဂါထာမန္တန်များပင် အလွဲလွဲအချော်ချော် ဖြစ်လာတော့သည်။

ထိုအခိုက်မှာပင် မြွေကြီးက ပါးစပ်ကြီးကို အစွမ်းကုန် ဖြဲကာ ဆရာမှတ်ကြီးကို ကိုက်ယူလိုက်လေတော့သည်။

"အား. ."

ဆရာမှတ်ကြီးမှာ မြွေပါးစပ်ထဲသို့ ခြေကားယား လက်ကားယား ပါသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေကို မြင်သောအခါ သစ်ပင်ပေါ်မှာ ဟက်ကြည့်နေကြသော ရွာသားများမှာ သစ်ပင်ပေါ်မှာ ခုန်ဆင်းကာ အလုအယက် ထွက်ပြေးကြလေတော့သည်။

ဆရာမှတ်ကြီးနှင့် ပါလာသော တပည့်နှစ်ယောက်မှာလည်း ၎င်းတို့ ပါလာသောပစ္စည်းများကိုပင် မယူဝံ့ကြတော့ဘဲ ခြေဦးတည့်ရာသို့ ပြေးကြလေတော့သည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးသည့်နောက်ပိုင်း၌ နဂါးနက်တောင်မှ မြွေကြီးကို ဖမ်းဝံ့သည့်ဆရာ မပေါ်လာတော့ပေ။

နဂါးကွင်း ရွာသူရွာသားများမှာလည်း မြွေနက်ကြီး အန္တရာယ်ကြောင့် ကျွဲနွားများကို လွှတ်ကျောင်းရသည်ကိုပင် စိတ်မချဝံ့တော့ဘဲ နေ့တထိတ်ထိတ် ညတထိတ်ထိတ်ဖြင့် နေကြရလေသည်။





## အခန်း(၄)

# သစ်ပုတ်ပင်မှ သရဲ

နဂါးနက်တောင်ခြေနှင့် မနီးမဝေးနေရာတွင် သစ်ပုတ်ပင်ရွာ ရှိလေသည်။

ထိုရွာ၌လည်း လယ်ယာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ နေထိုင်ကြပြီး အတန်အသင့် စည်ကားသောရွာ ဖြစ်သည်။

ထိုရွာနှင့် မလှမ်းမကမ်း ရွာထိပ်နေရာလောက်တွင် သစ်ပုတ်ပင်ကြီး

www.burmeseclassic.com



တစ်ပင်ရှိလေသည်။

ထိုသစ်ပုတ်ပင်ကြီးကို အစွဲပြု၍ သစ်ပုတ်ပင်ရွာဟု အမည်ပေးထားခြင်း ဖြစ်ပေသည်။

သစ်ပုတ်ပင်ကြီးမှာ ရှေးနှစ်ပေါင်းများစွာကတည်းက ရှိခဲ့သော အထိကရ သစ်ပင်ကြီးဖြစ်သည်။

ထိုသစ်ပင်ကြီး၌ မှီခိုနေထိုင်ကြသော တစ္ဆေသရဲများ နှောင့်ယှက်သဖြင့် ထိုအနီးအနားတဝိုက်ရှိ လယ်ယာမြေများကို ဘယ်သူမှ မလုပ်ဝံ့ကြပေ။

အကယ်၍ အရဲစွန့်၍ လာလုပ်လျှင်လည်း အနှောင့်အယှက်ခံရသဖြင့် သေကြေပျက်စီးမှုများ ရှိကြလေသည်။

သို့ကြောင့် သစ်ပုတ်ပင်လယ်ကွက်ဟု အမည်တွင်သော ထိုနေရာတဝိုက်ရှိ လယ်ကွက်များမှာ လုပ်ဝံ့မည့်သူ မရှိတော့ဘဲ လယ်မြေရိုင်းများဖြစ်နေတော့သည်။

သွားရောက်လုပ်ကိုင်သူများအား မေးမြန်းကြည့်ရာ လွန်စွာဆိုးသောနေရာဖြစ်ကြောင်း ပြောပြကြသည်။

ညအချိန်ရောက်လျှင် သစ်ပုတ်ပင်ပေါ်မှ လူမည်းကြီးတစ်ကောင် ဖောက်ထိုးဆင်းလာပြီး တဲများကို ကိုင်လှုပ်ခြင်း၊ ထရံများကို ပုတ်ခြင်း၊ ထရံပေါက်မှ လက်မည်းကြီး ဝင်လာကာ တဲပေါ်မှ လူများကို ဆွဲချခြင်း၊





တဲပေါ်မှာ ရှိသော အစားအသောက်များကို တစ်ခုမကျန် စားသောက်သွားခြင်း၊ တဲမှာ မွေးထားသော ဝက်၊ ကြက်၊ ဆိတ်များကို အရှင်လတ်လတ် ဆွဲယူသွားခြင်း၊

နောက်ဆုံး ကျွန်းပင်ကဲ့သို့ ကြီးမားသော ခြေထောက်မည်းမည်းကြီးတစ်ဖက် အိမ်ပေါ်သို့ နင်းချရာ တဲတစ်ခုလုံး ကြေမွကာ အသက်မသေသူများ ထွက်ပြေးကြရတော့သည်။

အချို့လည်း ကြောက်မက်ဖွယ်မြင်ကွင်းကြောင့် သွေးပျက်ကာ အသက်သေကြသည်။

နောက်ဆုံး ထွက်ပြေးသူများ ပြောပြချက်အရ ညအချိန်ရောက်သောအခါ တဲပေါက်ဝမှာ ဆောင့်ကြောင့်ထိုင်နေရာ အမွေးအမျှင်များ ဖုံးအုပ်နေသောဗိုက်ကြီးကိုသာ မြင်ရပြီး ကျန်တာကို မမြင်ရသော်လည်း ကြောက်မက်ဖွယ်ကောင်းလှသော သဘက်ကြီးတစ်ကောင်မှန်း သိကြရသဖြင့် တဲနောက်ဖက်မှ ဆင်းပြေးကြရတော့သည်။

ထိုအခါ တဲပေါက်ဝမှာ ဆောင့်ကြောင့်ထိုင်နေသော သဘက်ကြီးက နေရာမှ ထရပ်လိုက်ရာ ကျွန်းပင်တမျှ မြင့်မားသောအရပ် ရှိလေသည်။

ထိုသဘက်ကြီးက ထွက်ပြေးသူများ ရှိရာသို့ ခြေတစ်လှမ်းလှမ်းလိုက်ရုံနှင့်ပင် ၎င်းတို့ရှေ့သို့ ရောက်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ထွက်ပြေးသူများမှာ မလွတ်နိုင်အောင် ရှိနေကြပြီး လူတစ်ယောက် သေကျန်ခဲ့တော့မှ ကျန်လူများ လွတ်မြောက်သွားကြလေတော့သည်။

တစ်နေ့တော့ သစ်ပုတ်ပင်ရွာသို့ အသက်ငါးဆယ်ကျော် လူကြီးတစ်ယောက်နှင့် အသက်နှစ်ဆယ်ဝန်းကျင် လူရွယ်တစ်ယောက်တို့ ရောက်လာကြသည်။

၎င်းတို့နှစ်ယောက်မှာ အထုပ်နှင့် လွယ်အိတ်များ ပါလာသဖြင့် ခရီးဝေးမှ လာကြဟန်ရှိလေသည်။

၎င်းတို့နှစ်ယောက်သည် ရွာလူကြီးအိမ်သို့ မေးမြန်းကာ ရောက်သွားကြပြီး အကျိုးအကြောင်း ပြောပြကြသည်။

"ကျုပ်နာမည်က ဦးဇန်ကောင်းလို့ ခေါ်ပါတယ်၊ သူကတော့ ကျုပ်ရဲ့တူနာမည်က နီမောင်လို့ ခေါ်ပါတယ်၊ ကျုပ်က ဆေးဝါးကုသပေးနိုင်ပါတယ်"

ထိုအခါ ရွာလူကြီးက. . .

"အခုလို ရောက်လာတာ ဝမ်းသာပါတယ် ဆရာကြီး၊ ကျုပ်က ဘာများကူညီပေးရမလဲ ပြောပါ"

ဟု ရွာခံ ဝတ္တရားနှင့်အညီ မေးလိုက်လေသည်။

"တခြားတော့ မဟုတ်ပါဘူး၊ ဒီရွာမှာ သူတစ်ပါးတွေ မလုပ်ဝံ့ကြလို့ စွန့်ပစ်ထားတဲ့ လယ်မြေယာမြေတွေ ရှိတယ်လို့ သတင်းကြားလို့





လာခဲ့ကြတာပါ၊

တကယ်လို့ လုပ်မယ့်သူ မရှိတဲ့ ပလပ်မြေတွေဆိုရင် ကျုပ်တို့ တူဝရီး လုပ်ကိုင်စားသောက်ချင်ပါတယ်"

ထိုစကားကြားသောအခါ ရွာလူကြီးမှာ များစွာအံ့ဩသွားလေသည်။

"မဖြစ်ဘူးထင်တယ်"

"ဘာကြောင့်လဲ. . . ပိုင်ဆိုင်တဲ့လူတွေ ရှိနေလို့လား"

"ဒီလိုမဟုတ်ပါဘူး. . . လုပ်ဝံ့မယ့်သူကို မရှိကြလို့ မဖြစ်ဘူးလို့ ပြောတာပါ"

သူကြီးက သစ်ပုတ်ပင်ကြီးနှင့် ပတ်သက်သောအကြောင်းများကို ပြောပြလိုက်လေသည်။

"အဲဒီသစ်ပုတ်ပင်ကြီး ရှိတဲ့နေရာတဝိုက်က နယ်မြေကြမ်းလွန်းလို့ ဘယ်သူမှ လုပ်လို့မရပါဘူး၊ ဒါကြောင့် ဆရာကြီးတို့ကိုလည်း မလုပ်စေချင်လို့ တားတာပါ၊ တကယ်လို့ အခက်အခဲ ရှိကြတယ်ဆိုရင် ကျုပ်ပိုင်ဆိုင်တဲ့ လယ်မြေအချို့ကို တဝက်စားနဲ့ ချပေးပါ့မယ်"

ဟု ပြောလေသည်။

ဦးဇန်ကောင်းက ကွမ်းအစ်အတွင်းမှ ကွမ်းယာတစ်ယာ စားရင်း ပြုံးလိုက်လေသည်။

"အခုလို ကူညီပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျုပ်



www.burmeseclassic.com

တို့အတွက်တော့ စိတ်မပူပါနဲ့ သစ်ပုတ်ပင် လယ်ကွက်တွေမှာပဲ လုပ်ပါရစေ”

ဟု အတန်တန် ခွင့်တောင်းသဖြင့် မတတ်သာတော့ဘဲ သူကြီးကိုယ်တိုင် ခွင့်ပြုပေးလိုက်ရလေသည်။

ထိုသတင်း ကြားသောအခါ ရွာသူရွာသားများက. . .

“ဒီလူနှစ်ယောက်တော့ တစ်နယ်တစ်ကျေးက ရောက်လာပြီး ဘုမသိဘမသိနဲ့ သစ်ပုတ်ပင် လယ်ကို လုပ်ကြဦးမည်တဲ့၊ ဘယ်သူသေပြီး ဘယ်သူထွက်ပြေးရမလဲ စောင့်ကြည့်ရဦးမှာပေါ့”

ဟု တီးတိုးပြောဆိုနေကြသည်။

သူကြီးကလည်း သဘောမနောကောင်းသူဖြစ်ရာ ဦးဇန်ကောင်းတို့ တူဝရီး ဆန္ဒရှိသဖြင့်သာ ခွင့်ပြုရသော်လည်း စိတ်မသက်မသာ ရှိနေလေသည်။

သို့ကြောင့် ဦးဇန်ကောင်းတို့အတွက် လိုအပ်သောပစ္စည်းများကို ငှားရမ်းပေးလေသည်။

ဦးဇန်ကောင်းနှင့် နီမောင်တို့သည် သူကြီးထံမှ ခွင့်ပြုချက်ရသည်နှင့် လှေ၊ ဓါးစသည်တို့ယူဆောင်ကာ သစ်ပုတ်ပင်လယ်ကွက်ရှိရာသို့ သွားကြလေသည်။

သစ်ပုတ်ပင်ကြီးနှင့် လယ်ကွက်ရှိသောနေရာမှာ ရွာထိပ်ဘက်လောက်တွင် ရှိလေသည်။





ကွင်းထဲတွင် တစ်ပင်တည်း ထီးထီးကြီး ရှိနေသော သစ်ပုတ်ပင်ကြီးကို အဝေးမှပင် လှမ်းမြင်ရသည်။

အပင်အောက်ခြေတလျှောက်တွင် အကိုင်းအခက်နှင့် သစ်ရွက်များ မရှိဘဲ အပေါ်ပိုင်း၌သာ ရှိလေသည်။

နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် ပင်စည်က လူနှစ်ဖက်လောက် ရှိကာ အဖုအထစ်များစွာတို့ ရှိလေသည်။

“သစ်ပင်ကြီးကတော့ အထိကရပဲ”

ဟု နီမောင်က ပြောလိုက်လေသည်။

“အင်း. . . ဒီလောက်ကြီးနေမှတော့ မှီတွယ်နေတဲ့အကောင်ကလည်း ပေါ့သေးသေးတော့ ဟုတ်မယ်မထင်ဘူး”

ထိုနေရာသို့ ရောက်သောအခါ ချုံနွယ်ပိတ်ပေါင်းများ ထနေသော လယ်ကွင်းလယ်ကွက်များနှင့် ယခင်လူများ ဆောက်လုပ်ထားခဲ့သော တဲဟောင်းများကို တွေ့ရသဖြင့် ထိုတဲဟောင်းများကို အနည်းငယ် ပြုပြင်လိုက်ရုံနှင့် အသင့်နေနိုင်သော အခြေအနေကို ရောက်သွားလေသည်။

ကံကောင်းချင်တော့ တဲများပေါ်မှာ အိုးခွက်ပန်းကန်နှင့်အသုံးအဆောင်ပစ္စည်းများကိုပါ တွေ့ကြရသည်။

“အရင်ကလူတွေ ဒီပစ္စည်းတွေကိုတောင် မယူနိုင်လောက်အောင် ထွက်ပြေးကြရပုံ ထောက်တော့ အတော့်ကို ကြောက်ဖို့ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တာကို တွေ့ကြရလို့သာ ဖြစ်မှာပဲ"

ဟု ဦးဗန်ကောင်းက အခြေအနေကို ကြည့်ပြီး မှတ်ချက်ချလေသည်။

"ဟုတ်တယ် အဘ၊ ဒီနေရာမှာ ရှိတဲ့ အနှောင့်အယှက်က အတော်ကြမ်းပုံရတယ်"

"ကြမ်းတော့လည်း ကြမ်းသလို ဆက်ဆံရမှာပေါ့ကွာ"

ဟု ပြောကာ ဦးဗန်ကောင်းက လုပ်သင့်သောအရာများကို စတင်လုပ်လေသည်။

ဦးဗန်ကောင်းက တဲအရှေ့ဘက်၌ ရပ်ကာ အသံကျယ်ကျယ်ဖြင့် အော်ပြောလိုက်သည်။

"ကျွန်ုပ်တို့သည် ဤနေရာ၌ နေထိုင်ခွင့်ရသဖြင့် လာရောက်နေထိုင်ကြသူများဖြစ်သဖြင့် မနှောင့်ယှက်ကြရန် ကြိုတင်မေတ္တာရပ်ခံအပ်ပါသည်၊

သင်တို့က မိတ်ဆွေလို သဘောထားလျှင် ကျွန်ုပ်တို့ကလည်း မိတ်ဆွေလို သဘောထားဆက်ဆံပါမည်၊

သင်တို့က ရန်သူကဲ့သို့ သဘောထားကာ နှောင့်ယှက်မှုများပြုလုပ်ပါက ကျွန်ုပ်တို့က တုံ့ပြန်ရပေလိမ့်မည်၊

ဤနေရာ ဤဒေသ၌ မှီတင်းနေထိုင်ကြသော မြင်အပ်သော မမြင်အပ်သော နတ်အပေါင်းနှင့်တကွ ပရလောကသားများအား





ကြိုတင်ပြောကြားအပ်ပေတယ်"

ဟု အော်ပြောလိုက်ရာ တဲပတ်ဝန်းကျင်ရှိ တောများအတွင်းမှ အသံအချို့ကို ကြားလိုက်ရပေသည်။

"ဒီလိုပန်ကြားထားခြင်းဖြင့် မိတ်ဆွေဖွဲ့ချင်တဲ့သူတွေက မိတ်ဆွေလာဖွဲ့ကြလိမ့်မယ်၊

ရန်မူချင်တဲ့ရန်သူတွေကတော့ ဒီညမှာပဲ ရန်ပြုဖို့ စီမံကြလိမ့်မယ်၊ ကိုယ့်ဘက်က လုံခြုံအောင်သာ စီမံထားပေရော့"

ဟု မှာကြားလေသည်။

နီမောင်နှင့် ဦးဗန်ကောင်းတို့မှာ တူဝရီးနှစ်ယောက် တော်စပ်သလို ဆရာတပည့်ဆိုလျှင်လည်း မမှားပေ။

နီမောင်က ငယ်စဉ်ကတည်းက ဦးဗန်ကောင်းနှင့် အတူတကွနေထိုင်ကာ ဂုဏ်းဝါသနာပါသော ဆေးပညာ၊ အင်္ဂရတ်ပညာများကို သင်ယူရင်း ဦးဗန်ကောင်း သင်ကြားပေးသော ကျင့်ကြံအားထုတ်မှုများကိုလည်း ပြုလုပ်ခဲ့ရသဖြင့် အခြေခံအဆင့်များပင် ကျော်လွန်ခဲ့ချေပြီ။

တစ်နေ့တော့ ဦးဗန်ကောင်းက ပြောသည်။

"နီမောင်ရေ . . ငါတို့ ခရီးထွက်ကြရမယ်ဟေ့"

"ဘယ်နေရာကို သွားမှာလဲ အဘ"

"အလယ်ပိုင်းဘက်ပေါ့ . . ပုပ္ပါးတောင်တဝိုက်ပေါ့"

"ဘာအတွက်လဲ အဘ၊ ဆေးပင်ရှာဖို့လား"



www.burmeseclassic.com

"ဆေးပင်လည်း ရှာရင်းပေါ့၊ အဓိက,ကတော့ ပရလောကသားတစ်ယောက်ကို အကူအညီပေးဖို့ပဲ"

နီမောင်က ဆက်မမေးတော့ပေ။

ပရလောကသားများနှင့် ပတ်သက်လာလျှင် သူ၏ဉာဏ်တစ်ထွာတစ်မိုက်နှင့် လိုက်မမီနိုင်သောကြောင့် မမေးခြင်းလည်း ဖြစ်ပေသည်။

"အဲဒီကိစ္စ သွားရင်းနဲ့ လူတွေအတွက် အများကြီး ကောင်းကျိုးဖြစ်မယ့် အနှောင့်အယှက်တစ်ခုကိုလည်း သုတ်သင်ဖယ်ရှားပေးရင်းနဲ့ ပေါ့ကွာ"

ဟု ပြောဆိုပြီး ခရီးထွက်ခဲ့ကြရာ ယခုကဲ့သို့ သစ်ပုတ်ပင်ရွာသို့ ရောက်ခဲ့ကြခြင်းဖြစ်ပေသည်။

ယခု သူတို့ ရောက်နေသောနေရာမှာ ရွာအပြင်ဘက် အထီးကရ သစ်ပုတ်ပင်ကြီး ရှိသောနေရာပင်ဖြစ်၏။

ထိုနေရာတဝိုက်တွင် လယ်ယာမြေများစွာ ရှိသော်လည်း သစ်ပုတ်ပင် သဘက်ကြီး နှောင့်ယှက်နေသောကြောင့် လုပ်သည့်လူတိုင်း ထွက်ပြေးကြရသောနေရာလည်းဖြစ်ပေသည်။

ညနေပိုင်းအချိန် ရောက်သောအခါ ဦးဇန်ကောင်းက တဲပတ်ဝန်းကျင်တဝိုက်အား ပရိတ်ရေ၊ ပရိတ်ကြိုးများဖြင့် အရံအတား လုပ်ရုံသာ လုပ်ထားသည်။





"ကဲ. . . နီမောင်၊ ငါက ဘုရားရှိခိုးတော့မယ်၊ မင်းက ဒီနေရာတဝိုက်မှာ ဘယ်လိုအနှောင့်အယှက်တွေ ရှိတယ်ဆိုတာ တစေ့တစောင်း ကြည့်ထားပေရော့"

"ဟုတ်ကဲ့ အဘ"

ထိုသို့မှာကြားပြီး ဦးဇန်ကောင်းက ခေါင်းရင်းဘက် တစ်နေရာတွင် လွယ်အိတ်ထဲမှ အသင့်ယူဆောင်လာသော ဒက္ခိဏသာခါ ဗုဒ္ဓရုပ်ပွားတော်ကို ထုတ်ယူ၍ စင်မြင့်ပေါ်မှာ တင်သည်။

ထို့နောက် သောက်တော်ရေနှင့် ဖယောင်းမီးများ ထွန်းညှိ ပူဇော်ကာ ဘုရားရှိခိုးနေတော့သည်။

နီမောင်က တဲအပေါက်ဝနားတွင် ထိုင်ကာ ပရိတ်တရားတော်များကို ခပ်တိုးတိုး ရွတ်ဆိုနေရင်း အပြင်ဘက်သို့ အကဲခတ်ကြည့်ရှုနေလေသည်။

ထိုအချိန်တွင် ညဦးပိုင်းအချိန် ရောက်လာပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

ချုံပုတ်များ၊ တောများအတွင်းမှ ငှက်အော်သံ၊ မြွေပါအော်သံများမှလွဲ၍ အခြားအသံများ မကြားရပေ။

နီမောင်က တဲပေါက်ဝမှာ ထိုင်ရင်း ပတ်ဝန်းကျင်ကို ကြည့်နေရာ အမှောင်ရိပ်အတွင်းမှာ သွားလာလှုပ်ရှားနေသော မည်းမည်း သဏ္ဌာန်များကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင့်စိတ်ထဲ၌မူ. . .

"ဒီတဲမှာ နေခဲ့ကြတဲ့လူတွေထဲက သေကြေပျက်စီးသွားတဲ့လူတွေ ရှိမှာပဲ၊ ဒီလူတွေရဲ့ဝိညာဉ်တွေဟာ မကျွတ်မလွတ်တဲ့ဘဝနဲ့ ဒီပတ်ဝန်းကျင်မှာ ရှိနေကြမှာ အမှန်ပဲ"

ဟု တွေးမိလေသည်။

သို့ကြောင့် မိမိပြုလုပ်ခဲ့သမျှသော ကုသိုလ်ကောင်းမှုတို့၏ အဖို့ဘာဂများကို အမျှအတမ်း ဝေပေးလိုက်လေသည်။

"ကျွန်ုပ်ပြုလုပ်ခဲ့သမျှသော ကုသိုလ်ကောင်းမှု အဖို့ဘာဂအစုစုတို့ကို သင်တို့အား အမျှအဟမ်း ဝေပေးပါ၏၊

အမျှ. . အမျှ. . အမျှ ရကြပါစေ"

ထိုကဲ့သို့ အမျှအတမ်း ဝေပေးလိုက်သည်နှင့် စောစောကတဲအနီးပတ်ဝန်းကျင်တဝိုက်တွင် သွားလာလှုပ်ရှားနေကြသော မည်းမည်းသဏ္ဍာန်များ ပျောက်သွားလေတော့သည်။

ပတ်ဝန်းကျင်မှာလည်း အတန်ကြာအောင် ငြိမ်သက်သွားပြန်လေသည်။

တဲအတွင်းမှာတော့ ဦးဗန်ကောင်း၏ဘုရားရှိခိုးသံများကမှန်မှန်ထွက်ပေါ်နေလေသည်။

အတန်ကြာသောအခါ တဲနှင့် မလှမ်းမကမ်းမှာ ရှိသော သစ်ပုတ်ပင်ကြီးမှာ လေမတိုက်ဘဲ ယိမ်းထိုးလှုပ်ရှားလာလေသည်။





သစ်ပင်ပေါ်မှာ အိပ်တန်းတက်နေကြသော ငှက်များပင် အလန့်တကြား ထပျံကြလေသည်။

လရောင်က ထိုသစ်ပင်ရှိရာသို့ ကျနေသဖြင့် အခြေအနေကို ဝိုးတဝါး လှမ်းမြင်နေရသည်။

အတန်ကြာသောအခါ သစ်ပင်ထိပ်ဖျားမှ မည်းမည်းသဏ္ဍာန်ကြီး ဆင်းလာသည်။

သစ်ပင်ကို ဖက်၍ ဇောက်ထိုးဆင်းလာခြင်းဖြစ်သည်။

အပင်အောက်သို့ ရောက်၍ မတ်တတ်ရပ်လိုက်သောအခါ အရပ်မှာ ထန်းပင်တမျှ မြင့်ပြီး အလုံးအထည်ကလည်း ကြီးလှသည်။

တစ်ကိုယ်လုံး အမွေးအမျှင်များ ဖုံးအုပ်ထားသည်။

မျက်နှာ ပုံပန်းသဏ္ဍာန်ကို ကောင်းစွာ မမြင်ရစေကာမူ ကြောက်မက်ဖွယ် အဆင်းသဏ္ဍာန် ရှိလိမ့်မည်ဟုတော့ ခန့်မှန်းမိသည်။

"ဒါ ဒီနေရာမှာ ဘယ်သူမှ မနေဝံ့အောင် နှောင့်ယှက်နေတဲ့ သဘက်ကြီးပဲ ဖြစ်ရမယ်"

ထိုသို့တွေးနေစဉ် သစ်ပုတ်ပင်ပေါ်မှ ဆင်းလာသော သဘက်ကြီးက ခြေလှမ်းကျဲကြီးများဖြင့် တဲရှိရာသို့ လျှောက်လာလေသည်။

ကြောက်မက်ဖွယ်ကောင်းသော ခြေသံကြီးကို အတိုင်းသား ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



မလှမ်းမကမ်းနေရာသို့ ရောက်သောအခါမှ ကြောက်မက်ဖွယ်ကောင်းသောမျက်နှာကို မြင်ရတော့သည်။

ဦးခေါင်းပေါ်မှာ ဆံပင်မွေးအနည်းငယ်သာ ရှိပြီး ပြောင်နေသည်။ မျက်လုံးများက အပြင်သို့ ပြူးထွက်နေပြီး နီရဲလျက်ရှိနေသည်။

ဆန်ကောတမျှ ကြီးသော နားရွက်ကြီးနှစ်ဖက်က ဆင်နားရွက်ပမာ တဖျပ်ဖျပ် လှုပ်ယမ်းနေသည်။

နှာခေါင်းက အတွင်းသို့ တိုဝင်နေပြီး ပါးစပ်ပေါက်က ပြဲလှသည်။

ကျိုးတိုကျဲတဲသွားများက အပြင်သို့ ခေါထွက်နေပြီး သွားများကြားမှ ရှည်လှသောလျှာက အပြင်သို့ လျှိမ့်ထွက်လိုက်၊ အတွင်းသို့ ပြန်ဝင်သွားလိုက် ရှိနေသည်။

နီမောင်က အတွေ့အကြုံ မနည်းလှသူမို့ မလှမ်းမကမ်းနေရာအထိ ရောက်လာသော မည်းမည်းသဏ္ဌာန်ကြီးကို မော့ကြည့်နေသည်။

သို့သော် သတိမလွတ်ဘဲ ရွတ်ဖတ်နေသောပရိတ်တော်များကို ရွတ်ဖတ်မြဲ ရွတ်ဖတ်နေလေသည်။

မည်းမည်းသဏ္ဌာန်ကြီးက တဲနှင့် မလှမ်းမကမ်းနေရာ ရောက်လာသောအခါ ခြေလှမ်းတန့်သွားလေသည်။

ရှေ့သို့ တိုးလာ၍ မရမှန်း သိသောအခါ ဒေါသူပုန်ထကာ





ထိုနေရာမှာပင် အမျိုးမျိုး ခြောက်လှန့်ပြလေသည်။

နီမောင်က ပရိတ်ရွတ်နေရင်းမှပင် အမျှအတမ်းများ **ပေးဝေ**လိုက်သည်။

ထိုသို့ မေတ္တာပို့ပေးသော်လည်း မရဘဲ သစ်ပင်သစ်ကိုင်းများအား လှုပ်ယမ်းပြခြင်း၊ မျက်လုံးပြူးပြလိုက်၊ လျှာထုတ်ပြလိုက်နှင့် အမျိုးမျိုး ခြောက်လှန့်နေလေသည်။

သို့ဖြင့် တစ်ညလုံး ခြောက်လှန့်ပြီး မရမှန်း သိသောအခါ သန်းခေါင်ယံကျော်ကျော်အချိန်လောက်တွင် နောက်ကြောင်းသို့ ပြန်လှည့်ကာ သစ်ပုတ်ပင်အပေါ်သို့ ဇောက်ထိုးပြန်တက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၅)

# သစ်ပုတ်ပင် သဘက်ကြီးနှင့် မိတ်ဆွေဖွဲ့ရခြင်း

နောက်တစ်နေ့ နံနက်လင်းသောအခါ နီမောင် စီစဉ်ထားသော လက်ဖက်ရည်ကြမ်းခါးခါးနှင့် ကောက်ညှင်းချက်ပေါင်းတို့ကို အဆာပြေ စားသောက်ရင်း ညက အကြောင်းများကို ပြောဆိုနေကြသည်။

"ညက အခြေအနေ ဘာထူးသလဲ နီမောင်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်းက တစ်ညလုံး ပုတီးစိပ် အဓိဋ္ဌာန် ဝင်နေသောကြောင့် နီမောင့်အား အခြေအနေ မေးလိုက်လေသည်။

"ထူးတယ် အဘ၊ သစ်ပုတ်ပင်ကြီးပေါ်က သဘက်ကြီးတစ်ကောင် ဆင်းလာပြီး လာခြောက်တယ်"

"သူက ဒီနေရာတဝိုက်မှာ အဓိက အကျဆုံးနဲ့ အကြီးဆုံး အနှောင့်အယှက်ဖြစ်မှာပေါ့"

"ကျွန်တော်တို့က သူ့ကို ဖယ်ရှားပေးရမှာလား အဘ"

"အေး. . . သူနှောင့်ယှက်နေလို့ ဒီနေရာမှာ ဘယ်သူမှ အလုပ်မလုပ်ဝံ့ကြတာပဲ၊ ဒီအနှောင့်အယှက် မရှိဘူးဆိုရင်တော့ ဒီနေရာမှာ လယ်ယာမြေတွေ အတော်ဖွံ့ဖြိုးလာမှာပေါ့၊

ငါတို့ လုပ်ရမယ့်တာဝန်က သစ်ပုတ်ပင်သဘက်ကြီးကို နှင်ပေးရမယ့်တာဝန်အပြင် အခြားတာဝန်တစ်ခုလည်း ရှိသေးတယ်ကွ"

"ဘယ်လိုတာဝန်မျိုးလဲ အဘ"

"ပရလောကသားတွေနဲ့ ဆက်စပ်နေတဲ့ တာဝန်ပေါ့ကွာ၊ အခုတော့ ဘာရယ်လို့ မသိရသေးဘူး၊ အချိန်တန်လို့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေက ဆက်သွယ်လာပြီး အကူအညီတောင်းလာတဲ့အခါမှာ ငါတို့က တတ်နိုင်တဲ့အလုပ်ဆိုရင် လုပ်ပေးကြရုံပဲပေါ့"

ဦးဗန်ကောင်းက ကောက်ညှင်းပေါင်းနှင့် လက်ဖက်ရည်ကြမ်းကို စားသောက်ရင်း အေးအေးဆေးဆေး ပြောပြနေသည်။





ဝိညာဉ်လောကဟု ခေါ်သော ပရလောကသားများနှင့် ဆက်စပ်နေမှုများသည် လျှို့ဝှက်ဆန်းကြယ်လှသောကြောင့် တစ်ခါတစ်ရံတွင် ဆက်စပ်မှု ရှိနေသော ကာယကံရှင်များပင် ကြိုတင်၍မသိနိုင်ကြပေ။

အချိန်တန်မှသာ အကြောင်းပေါ်လာပြီး အလျဉ်းသင့်သလို လုပ်ကိုင်ကြရခြင်းဖြစ်ပေသည်။

"ဒါဖြင့် အဘလည်း ဘာမှမသိရသေးဘူးပေါ့ ဟုတ်လား"

BURMESE CLASSIC .com

"အေး. . . ဟုတ်တယ်၊ ပြည့်ပြည့်စုံစုံတော့ ဘာမှမသိရသေးဘူး၊ ငါသိတာ တစ်ခုပဲ ရှိတယ်၊ ငါတို့ အကူအညီပေးရမယ့် ပရလောကသားတွေဟာ ဟောဒီနဂါးနက်တောင်တဝိုက်မှာ ရှိတယ်ဆိုတာတော့ ငါသိတယ်၊

ဘယ်သူ့ကို ဘယ်လိုအကူအညီပေးရမယ်ဆိုတာသာ ကြိုတင်မသိရသေးတာ၊ လောလောဆယ်တော့ ငါတို့ ဒီနေရာမှာ ကြာကြာနေနိုင်ဖို့အတွက် သစ်ပုတ်ပင်သဘက်ကြီးကို အရင်နှိမ်နင်းထားရမယ်၊

ဒီလိုမှ မနှိမ်နင်းထားရင် သူက အမြဲနှောင့်ယှက်နေလိမ့်မယ်"

ဟု ပြောကာ နီမောင်အား ပြုလုပ်ရမည့် အစီအစဉ်များကို ပြောပြလေသည်။

ထိုနေ့က ညနေပိုင်းအချိန် ရောက်သောအခါ နီမောင်သည်



www.burmeseclassic.com

www.burmeseclassic.com



ပရိတ်ကြိုးများ ယူကာ သစ်ပုတ်ပင်ကြီး ရှိရာသို့ သွားလေသည်။

အပင်ခြေသို့ ရောက်သောအခါ သမ္ဗုဒ္ဓေဂါထာတော်ကို ရွတ်ဆို၍ ပရိတ်ကြိုးများဖြင့် သစ်ပုတ်ပင်အား (၉)ပတ် ရစ်ပတ်ထားခဲ့လေသည်။

ညဦးပိုင်းအချိန်သို့ ရောက်သောအခါ ဝိုးတဝါး လှမ်းမြင်နေရသော သစ်ပုတ်ပင်ကြီး ရှိရာသို့ လှမ်းကြည့်နေလေသည်။

ခါတိုင်းကဲ့သို့ပင် ညဉ့်နက်ချိန် ရောက်သောအခါ သစ်ပင်ကြီးတစ်ပင်လုံး သိမ့်သိမ့်တုန်သွားပြီးနောက် မည်းမည်းသဏ္ဌာန်ကြီး တစ်ကောင် ဖောက်ထိုးဆင်းလာသည်။

ပရိတ်ကြိုးများ ပတ်ထားသည့်နေရာ ရောက်တော့ ဆက်မဆင်းလာဘဲ တန့်သွားလေသည်။

ခဏကြာတော့ သစ်ပင်ပေါ် ပြန်တက်သွားသည်။

အပင်ပေါ် ရောက်သွားပြီး ချက်ချင်းဆိုသလို ဖောက်ထိုးဆင်းလာပြန်သည်။

ပရိတ်ကြိုးများ နေရာရောက်ပြန်တော့ တန့်သွားပြန်သည်။

ဒီတစ်ကြိမ်တော့ ဇွတ်ဆင်းလာရန် ရှေ့သို့ တိုးလိုက်သည်။

ပရိတ်ကြိုးများနှင့် နီးသည့်နေရာ ရောက်သောအခါ မီးနှင့်အထိုးခံလိုက်ရသကဲ့သို့ တွန့်ကနဲ ဖြစ်သွားပြီး သစ်ပင်ပေါ် ပြန်တက်ပြေးသွားပြန်သည်။





ဤသို့ဖြင့် မည်းမည်းကောင်ကြီးမှာ တစ်ညလုံးလိုလို အပေါ်တက်လိုက်၊ အောက်ဆင်းလာလိုက်၊ အပေါ်ပြန်တက်ပြေးလိုက်နှင့် မြေပေါ်သို့ ရောက်အောင် ဆင်းခွင့်မရတော့ပေ။

ထိုညအဖို့တော့ မည်းမည်းသဏ္ဌာန်ကြီး ရောက်မလာတော့သဖြင့် အေးဆေးစွာ အနားယူခွင့်ရလေသည်။

နောက်တစ်နေ့တွင် နီမောင်နှင့် ဦးဇန်ကောင်းတို့ ရှိရာသို့ ရွာလူကြီးနှင့် ရွာသားအချို့ ရောက်လာကြသည်။

"ဆရာကြီးတို့နှစ်ယောက်အခြေအနေ ဘယ်လိုရှိသလဲ ကျုပ်တို့ လာကြည့်ကြတာပါ"

"အခြေအနေ ကောင်းပါတယ်၊ အေးအေးဆေးဆေး နေလို့ရပါတယ်"

ထိုစကားကြောင့် အားလုံးအံ့သြသွားဟန် ရှိလေသည်။

"ဒီ . . ဒီမှာနေတာ အခြောက်အလှန့် မခံကြရဘူးလား"

"နည်းနည်းပါးပါးတော့ ရှိတာပေါ့"

ဦးဇန်ကောင်းက အေးအေးဆေးဆေးပင် ပြန်ပြောလိုက်သည်။

"ဟိုသစ်ပုတ်ပင်ကြီးက သဘက်ကြီး ဆင်းမလာဘူးလားဟင်"

"သူ မလာနိုင်အောင် လုပ်ထားပါတယ်"

ဦးဇန်ကောင်းထံမှ ထိုစကားကြားသောအခါ သူကြီးနှင့် ရွာသူ



www.burmeseclassic.com

www.burmeseclassic.com



ရွာသားများမှာ ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

ဦးဇန်ကောင်းတို့နှစ်ယောက်အပေါ်မှာလည်း အထင်ကြီးလေးစားသွားဟန် ရှိလေသည်။

"ဒါ . . ဒါဖြင့် အခု ဘယ်လိုလုပ်မယ် စိတ်ကူးကြသလဲ"

"ကျုပ်တို့ ပြောထားတဲ့အတိုင်း ဒီနားတဝိုက်က လယ်မြေကလေးတွေကို ခုတ်ထွင်ရှင်းလင်းပြီး ထွန်ယက်စိုက်ပျိုးကြရမှာပေါ့ဗျာ"

ထိုစကားကြားသောအခါ ရွာလူကြီးနှင့်အတူ ပါလာသော ရွာသူရွာသားများက အားတက်သရော ဝင်ပြောကြသည်။

"ဒီအတွက်တော့ ဘာမှစိတ်မပူကြနဲ့၊ ဒီနေရာမှာ လုပ်ကိုင်စားသောက်ခွင့်ရအောင် အနှောင့်အယှက်တွေကိုသာ တားပေးနိုင်မယ်ဆိုရင် ကျန်တဲ့ကိစ္စတွေကို ကျုပ်တို့ ရွာသူရွာသားတွေ ဝိုင်းလုပ်ပေးမယ်"

"ဒီလောက်လည်း လိုမယ်မထင်ပါဘူးလေ၊ အခုလို လုပ်ကိုင်စားသောက်ဖို့ မြေပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ"

"ဘယ်ဟုတ်ပါ့မလဲ ဆရာကြီးရဲ့၊ ဆရာကြီးတို့က အနှောင့်အယှက်တွေကို တားဆီးပေးလို့ လုပ်ခွင့်ရရင် ဒီနေရာမှာ လယ်မြေယာမြေတွေက အများကြီး ရှိတာ၊ ဆရာကြီးတို့အတွက် ဝိုင်းလုပ်ပေးရင် ကျန်တဲ့မြေကွက်တွေကို ကျုပ်တို့ ပြန်လုပ်လို့ရမှာမို့ ဆရာကြီးတို့ကိုတောင် ကျေးဇူးတင်ရဦးမှာ"





ဟု ဝမ်းသာအားရ ပြောကြလေသည်။

ထို့နောက် ဦးဇန်ကောင်းက နောက်တစ်ပတ်လောက်ဆိုလျှင် လုပ်ငန်းစနိုင်ပြီဖြစ်ကြောင်း ပြောလိုက်ရာ အားလုံးဝမ်းသာအားရနှင့် ပြန်သွားကြလေသည်။

သစ်ပုတ်ပင်ပေါ်မှ အနှောင့်အယှက် ဆင်းမလာတော့သဖြင့် အေးအေးဆေးဆေးဖြစ်သွားရာ ဦးဇန်ကောင်းက ပုတီးစိပ်နေချိန်မှာ နီမောင်က တရေးတမော အိပ်လေသည်။

ထိုသို့အိပ်ပျော်သွားစဉ် အိပ်မက်ထဲတွင် သစ်ပုတ်ပင်ပေါ်မှ လူမည်းကြီးတစ်ယောက် ဆင်းလာသည်ကို လှမ်းမြင်ရသည်။

ထိုလူမည်းကြီးက သူရှိရာသို့ လျှောက်လာသည်။

၎င်း၏တစ်ကိုယ်လုံးမှာ မီးလောင်ဒဏ်ရာများကဲ့သို့ အဖုအပိမ့်များ ထနေလေသည်။

"ကျုပ်ကို လွှတ်ပေးပါ၊ အပေါ်မှာ မီးနဲ့ မြိုက်သလို ပူပြီးနေလို့မရတော့ဘူး"

"ခင်ဗျားက ဘယ်သူလဲ"

"သစ်ပုတ်ပင် သဘက်ကြီးပါ"

အသံသြသြကြီးဖြင့် ပြန်ပြောလေသည်။

"ခင်ဗျားကို လွှတ်ပေးလိုက်ရင် လူတွေကို ဒုက္ခလိုက်ပေးဦးမှာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အခုလို လုပ်မယ်ဆိုရင် ဒုက္ခမပေးဝံ့တော့ပါဘူး"

"ကောင်းပြီ. . . ဒီလိုဆိုရင် မိုးလင်းရင် လွှတ်ပေးမယ်"

"အခု လွှတ်ပေးပါ၊ သစ်ပင်ပေါ်မှာ မီးပူသလို ပူနေတော့ နေလို့မရတော့လို့ပါ"

"ဒီလိုဆိုရင် မိုးမလင်းခင် ပြန်လွှတ်ပေးမယ်"

ဟု ပြောလိုက်မှ ပြန်သွားလေသည်။

နီမောင်က အိပ်ယာမှ နိုးသောအခါ ထိုအကြောင်းကို ဦးဇင်းကောင်းအား ပြန်ပြောပြလိုက်သည်။

"ဒီလိုဆိုရင်လည်း သွားလွှတ်ပေးလိုက်ပေါ့၊ သူကတိပေးထားပြီးရင် နှောင့်ယှက်ဝံ့တော့မယ် မထင်ပါဘူး"

ဟု ပြောသဖြင့် နီမောင်လည်း ညတွင်းချင်း သစ်ပုတ်ပင်ကြီး ရှိရာသို့ လာခဲ့လေသည်။

အချိန်မှာ သန်းခေါင်ယံကျော်နေပြီမို့ ပတ်ဝန်းကျင်တဝိုက်မှာ အမှောင်ရိပ်များ ရှိနေသည်။

လရောင်အနည်းငယ် ရှိသည်ဆိုသော်လည်း အလင်းရောင်က ဝိုးတဝါးမျှသာ ရှိကာ ပတ်ဝန်းကျင်တစ်ခုလုံးလည်း တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

နီမောင်က သစ်ပုတ်ပင်ကြီးအောက်သို့ ရောက်သောအခါ သစ်ပင်၌ ရစ်ပတ်ထားသော ပရိတ်ကြိုးများကို ပြန်ဖြေပေးလိုက်လေ





သည်။

အားလုံးဖြေလိုက်သောအခါ သစ်ပင်အပေါ်မှ လေတိုက်သံကဲ့သို့ လှုပ်ရှားသံများကြားရသဖြင့် မော့ကြည့်လိုက်သောအခါ သစ်ပင်တစ်ပင်လုံး သွက်သွက်ခါအောင် လှုပ်ယမ်းနေပြီး မည်းမည်းသဏ္ဍာန်ကြီး ဖောက်ထိုးဆင်းလာသည်။

နီမောင်က နေရာမှာ မလှုပ်မယှက် ရပ်နေသည်။

အပင်အောက်ခြေသို့ ရောက်သောအခါ လူတစ်ယောက်အရပ်သာသာခန့်သာ ရှိသော မည်းမည်းသဏ္ဍာန်ကြီးကို တွေ့ရသည်။

အနီးကပ် တွေ့ရတော့မှ မျက်နှာကြီးမှာ ကြောက်စရာ ကောင်းလှပြီး သူ့တစ်ကိုယ်လုံးမှာလည်း မီးလောင်ဖုများကဲ့သို့ အဖုအပိမ့်ကြီးများ ထနေသည်ကို မြင်ရသည်။

"ကျုပ်ကို ဒီသစ်ပင်မှာပဲ နေခွင့်ပေးပါ"

ဟု အသံဩဩကြီးဖြင့် ပြောသည်။

"လူတွေကို မနှောင့်ယှက်ဘူးဆိုရင် နေခွင့်ပေးမယ်"

"ကျုပ်က လူတွေကို နှောင့်ယှက်တယ်ဆိုတာ နှောင့်ယှက်ချင်လို့ နှောင့်ယှက်ရတာ မဟုတ်ပါဘူး၊ အစာစားရဖို့အတွက် နှောင့်ယှက်ရတာပါ၊ ကျုပ်စားဖို့ အစားအစာ ပေးမယ်ဆိုရင် လူတွေကို မနှောင့်ယှက်တော့ပါဘူး"

"ကောင်းပြီ. . . ဒီလိုဆိုရင် ရွာသားတွေကို ပြောပြလိုက်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



အေးအေးသာ နေပေတော့"

ဟု ပြောလိုက်ရာ သစ်ပင်ပေါ်သို့ ပြန်တက်သွားလေတော့သည်။

နောက်တစ်နေ့မနက်တွင် လယ်မြေများတွင် ဖုံးအုပ်နေသော ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းရန် ရွာသူရွာသားအချို့ ရောက်လာကြသည်။

၎င်းတို့လက်ထဲမှာ ဓါး၊ ပေါက်တူး၊ တူရွင်း စသည်တို့ ပါလာလေသည်။

သူတို့သည် ဦးဗန်ကောင်းကို ယုံကြည်သဖြင့်သာ လာကြရသော်လည်း ကြောက်လန့်နေကြဟန် ရှိသည်။

"ကျုပ်တို့ကို သူကြီးလွှတ်လိုက်လို့ လာခဲ့ကြတာပါ၊ ဘယ်နေရာတွေ ရှင်းရမလဲ ဆရာကြီး"

"လယ်ယာမြေ စိုက်ပျိုးလို့ရတဲ့ နေရာမှန်သမျှ အားလုံးသာ ရှင်းကြပေရော့၊ ကျန်တဲ့အနှောင့်အယှက်တွေအတွက်တော့ စိတ်မပူကြနဲ့၊ ချုံထဲက မြွေပါးကင်းပါးကိုသာ ဂရုစိုက်ကြ"

ဟု မှာသဖြင့် ရွာသားများသည် လယ်မြေများအပေါ်တွင် ဖုံးအုပ်နေသော ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းကြလေရာ နီမောင်ကလည်း ဓါးတစ်လက် ယူ၍ ဝင်ရောက်ရှင်းပေးလေသည်။

ထမင်းစားချိန်ရောက်၍ နားကြပြီး ထမင်းစားကြသောအခါ





နီမောင်က ထမင်းဟင်းအချို့ကို ဖက်ဖြင့် ထုပ်ကာ ယူသွားပြီး သစ်ပုတ်ပင်ကြီးအောက်၌ ချထားပေးသည်။

"သစ်ပုတ်ပင်သဘက်ကြီးရေ့ . . စားဗျ"

ဟု ပြောကာ ထားခဲ့လေသည်။

အတန်ကြာ၍ သွားကြည့်သောအခါ ထမင်းဟင်းများ မရှိတော့ဘဲ ဖက်ရွက်များသာ ကျန်ခဲ့လေသည်။

ဤသို့ဖြင့် အလုပ်လုပ်ရင်း ထမင်းစားချိန်ရောက်တိုင်း ထမင်းဟင်းများကို ဖက်ဖြင့် ပုံ၍ကျွေးရာ တစ်ညတွင် နီမောင်ကို အိပ်မက်ပေးလေသည်။

"ခင်ဗျားတို့ ကျွေးမွေးတာ စားရလို့ ဝမ်းသာပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်၊ ဒီအတွက် ကျေးဇူးဆပ်ပါရစေ"

"ဘယ်လိုကျေးဇူးဆပ်မှာလဲ"

"ကျုပ်အတွက် ဓါးရှည်ရှည်တစ်ချောင်းသာ ရှာပေးပါ၊ ချုံတွေကို ဝိုင်းရှင်းပေးပါ့မယ်"

ဟု လာပြောသဖြင့် နောက်တစ်နေ့တွင် ရွာသားများကို ကိုင်းခုတ်ဓါးရှည်ရှည်တစ်ချောင်း ရှာယူလာရန် မှာရသည်။

ယူလာသောဓါးမှာ သာမန်အရွယ်အစားသာ ရှိသောကြောင့် ထို့ထက်ပိုရှည်သောဓါးကို ရှာခိုင်းရပြန်သည်။

နောက်ဆုံးတော့ အရှည်ဆုံးဓါးကြီးတစ်လက် ယူလာပေး



www.burmeseclassic.com

www.burmeseclassic.com



တော့မှ အဆင်ပြေသွားတော့သည်။

ထို့နောက်. . .

နေ့လည်ဘက် နေပူပြင်းသည့်အချိန် ခေတ္တနားကြပြီး အစားအသောက်များ စားသောက်နေကြစဉ် ချုံတောများအတွင်းမှ ကိုင်းခုတ်သံများ ကြားကြရသည်။

ရွာသူရွာသားများက ပထမတော့ ကြောက်သည်။

ရက်နည်းနည်းကြာလာတော့မှ မကြောက်ကြတော့ပေ။

ရွာသူရွာသားများ နား၍ ထမင်းစားချိန်တွင် အခြားတစ်နေရာမှ ကိုင်းခုတ်သံ၊ တောခုတ်သံများ အဆက်မပြတ် ကြားနေရပြီး ထမင်းစားပြီး၍ သွားကြည့်သောအခါ ထိုနေရာတွင် လူဆယ်ယောက်ခုတ်ထွင်ရှင်းလင်းထားသည့်နှယ် ပြောင်ရှင်းနေသည်ကို တွေ့မြင်ကြရသဖြင့် များစွာအံ့ဩကြရလေသည်။

အချို့ကတော့ အရဲစွန့်ကာ တစ်နေရာမှ သွားချောင်းကြည့်ကြလေသည်။

ထိုအခါ လူမမြင်ရဘဲ ကိုင်းခုတ်ဓါးကြီး တဝင့်ဝင့်နှင့် ခုတ်နေသည်ကို လှမ်းမြင်ရသဖြင့် ပိုမိုအံ့ဩကြရပြန်သည်။

နောက်ပိုင်းရောက်လာသောအခါ ယခင်က ကြောက်လန့်ခဲ့ကြသော သစ်ပုတ်ပင် သဘက်ကြီးကို မကြောက်ရွံ့ကြတော့ဘဲ မိမိတို့နှင့် လုပ်ဖော်ကိုင်ဖက်ပမာ သဘောထားလာကြသည်။





အချို့လည်း ရွာမှ လာစဉ်ကတည်းက မိမိတို့အတွက် **ထမင်း** ဟင်း ယူစဉ်ကပင် သဘက်ကြီးအတွက်ပါ ပိုထည့်လာကြသည်။

ထိုနေရာရောက်လျှင် သစ်ပုတ်ပင်အောက်သို့ ကိုယ်တိုင်ကိုယ်ကျ သွားပုံပေးကြသည်၊ ကျွေးကြသည်။

နောက်တော့ လူတိုင်းလိုလို ထမင်းထုပ်အပို ယူလာကြသောကြောင့် ထမင်းစားချိန်ရောက်လျှင် သစ်ပုတ်ပင်အောက်မှာ ထမင်းထုပ် ဟင်းထုပ်များ တန်းစီနေလေတော့သည်။

သစ်ပုတ်ပင်သဘက်ကြီး ဝင်ရောက်ကူညီကာ ရှင်းပေးသဖြင့် လယ်မြေကွက်များမှာလည်း တစ်ကွက်ပြီးတစ်ကွက် ပြန်ပေါ်လာလေတော့သည်။

ထိုအခါ ယခင်က မလုပ်ဝံ့သဖြင့် စွန့်ပစ်ထားသော မြေကွက်ပိုင်ရှင်များမှာလည်း မိမိနေရာသို့ ပြန်လာကာ လယ်မြေများကို ပြန်လည်လုပ်ကိုင်ကြသောကြောင့် ယခင်က ကြောက်မက်ဖွယ်ကောင်းလောက်အောင် ဖုန်းဆိုးမြေများမှာ ပြန်လည်စည်ကားလာတော့သည်။

သို့အတွက် ရွာသူရွာသားများက ဦးဇန်ကောင်းတို့ကို များစွာကျေးဇူးတင်ကြလေသည်။

"ဒီတစ်သက် လုပ်စားလို့ မရတော့ဘူး ထင်ထားတဲ့ လယ်မြေတွေ ဆရာကြီးတို့ ရောက်လာမှ ပြန်လုပ်လို့ရတာ ကျေးဇူးတင်လှပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီအတွက် ဆရာကြီးတို့ လယ်လုပ်စရာ မလိုပါဘူး၊ ကျွန်တော်တို့ကပဲ အားလုံးဝိုင်းပြီး ဆရာကြီးတို့အတွက် လုပ်ပေးပါ့မယ်၊ အေးအေးသာ နေကြပါ”

ဟု ပြောကြလေသည်။

နောက်ပိုင်းတွင်း ယခင်က ရန်သူပမာ ရှိနေသော သစ်ပုတ်ပင် သဘက်ကြီးမှာ ရွာသူရွာသားများနှင့် လုပ်ဖော်ကိုင်ဖက်ပမာ ရှိနေလေတော့သည်။





အခန်း (၆)

# ဝင့်ကြွေးဆံချေရမည့် ဗရဟောတသားနှစ်ဦး

နီမောင်နှင့် ဦးဇန်ကောင်းတို့ သစ်ပုတ်ပင်ရွာသို့ ရောက်ခဲ့သည်မှာ လပိုင်းမျှ ရှိခဲ့ချေပြီ။

ရွာသူရွာသားများ အင်တိုက်အားတိုက် လုပ်ကိုင်မှုကြောင့်သော်လည်းကောင်း၊ သစ်ပုတ်ပင်သဘက်ကြီးကလည်း ဝိုင်းဝန်းအကူအညီပေးမှုကြောင့်သော်လည်းကောင်း၊ လယ်ယာမြေထွက်အတော်

www.burmeseclassic.com



များများကို ရှင်းလင်းပြီးခဲ့ကြပေပြီ။

ယခင်က သစ်ပင်ချုံနွယ်များဖြင့် ပိတ်ဖုံးနေသည့်နေရာများမှာ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်နိုင်သည့် အခြေအနေသို့ ရောက်ခဲ့ချေပြီ။

ရွာသူရွာသားများမှာလည်း ယခင်က မလုပ်ဝံ့သဖြင့် ပစ်ထားခဲ့သော လယ်မြေများကို ပြန်လည်လုပ်ကိုင်နိုင်ကြသဖြင့် ပျော်ရွှင်နေကြလေပြီ။

ထိုအချိန်များတွင် ဦးဇန်ကောင်းက အမိဗ္ဗာန်ဝင်ခြင်း၊ ပုတီးစိပ်ခြင်းများအပြင် ရွာထဲသို့ သွားကာ ဆေးဝါးကုသပေးခြင်းများပြုလုပ်ပေးလေသည်။

တစ်ခါတစ်ရံလည်း နီမောင်ကိုပါ ခေါ်၍ ပုပ္ပါးတောင်မကြီးဘက်သို့ သွားကာ ဂမုန်းပင်၊ ဆေးပင်များ သွားရောက်ရှာဖွေလေ့ရှိသည်။

နီမောင်ကတော့ ဦးဇန်ကောင်း၏အလုပ်ကိစ္စများအား ဝိုင်းဝန်းလုပ်ကိုင်ပေးရုံမကဘဲ အချိန်ရသည်နှင့် ရွာသားများနှင့်အတူ လယ်မြေကွက်များအတွင်းသို့ ဆင်းလေသည်။

ယခုဆိုလျှင် သစ်ပုတ်ပင်သဘက်ကြီးအန္တရာယ်က အေးသွားပြီဖြစ်သော်လည်း အခြားအရေးကြီးသော တာဝန်တစ်ခု ကျန်နေသေးကြောင်း နီမောင်အနေဖြင့် သိထားလေရာ ဦးဇန်ကောင်းအား ဘာမှမမေးတော့ဘဲ လုပ်ပေးစရာ ရှိသည်များကိုသာ တာဝန်ကျေအောင်





လုပ်ပေးလေသည်။

တစ်နေ့သ၌ ညဦးပိုင်းအချိန် ဘုရားရှိခိုး၊ ပုတီးစိပ်ပြီးစအချိန်တွင် ၎င်းတို့နေထိုင်ရာတဲသို့ ဧည့်သည်သုံးယောက် ရောက်လာကြသည်။

အဘိုးအိုတစ်ဦးနှင့် ရုပ်ချင်း အတန်ငယ် ဆင်သော မိန်းမပျိုနှစ်ဦးတို့ ဖြစ်ကြလေသည်။

အဘိုးအိုက အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် သျှောင်တစောင်းထုံးထားသည်။

ရင်ဖုံးအင်္ကျီ၊ တောင်ရှည်ပုဆိုး စသည်တို့က ၎င်း၏အသားအရေ၊ အရပ်အမောင်းနှင့် လိုက်လျောညီထွေမှု ရှိသည်။

မိန်းကလေးနှစ်ယောက်ကတော့ အသက်(၁၆)နှစ်အရွယ်ခန့်ရှိကြပြီး မျက်နှာချင်းကလည်း ဆင်သည်။

၎င်းတို့ ဝင်လာသံ ကြားတော့ ဦးဇန်ကောင်းက ပုတီးစိပ်နေရာမှ ထလာကာ နေရာထိုင်ခင်းပေးသည်။

ကွမ်းဆေး၊ လက်ဖက် စသည်တို့ဖြင့် ဧည့်ခံသည်။

"ဘယ်ကများ လာကြတာပါလဲ"

"ကျုပ်တို့က နဂါးနက်တောင်နားမှာတင် နေကြတာပါ၊ ကျုပ်နာမည်က ဦးဒီပလို့ ခေါ်ပါတယ်၊ ဟောဒါကတော့ ကျုပ်မြေးနှစ်ယောက်ပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အကြီးမက စောလှနွယ်လို့ ခေါ်ပါတယ်၊ အငယ်မကတော့ စောမြချယ်လို့ ခေါ်ပါတယ်"

"အခုလို တွေ့ရတာ ဝမ်းသာလှပါတယ်၊ ကျုပ်နာမည်က ဦးဇန်ကောင်းပါ၊ ဟောဒါက ကျုပ်တူ မောင်နီမောင်ပါ"

ဦးဇန်ကောင်းက ပြောပြလိုက်သောအခါ မိန်းကလေးနှစ်ယောက်က နီမောင့်ကို ကြည့်ကာ ပြုံးလိုက်ကြသည်။

"ဒါထက် လာရင်းကိစ္စကလေး သိပါရစေ"

"တခြားတော့ မဟုတ်ပါဘူး၊ မိတ်ဆွေကြီးတို့ ဒီနေရာကို ရောက်လာကတည်းက ပေးပို့တဲ့မေတ္တာနဲ့ အမျှအတန်းတွေကို ရတယ်ဆိုတာရယ်၊ ဒီအတွက် ကျေးဇူးတင်တယ်ဆိုတဲ့အကြောင်း လာပြောရင်းနဲ့ပေါ့"

"ရပါတယ်ဗျာ. . . ကိုယ်တတ်နိုင်သလောက် လုပ်ပေးရတာပဲ၊ အပန်းမကြီးပါဘူး၊ ဒါထက် တခြားအကြောင်းကိစ္စများ ရှိကြသေးလား"

"ရှိပါတယ်. . . အခြားတော့ မဟုတ်ပါဘူး၊ မိတ်ဆွေကြီးကို အကူအညီတောင်းချင်စရာလေး ရှိလို့ လာခဲ့တာပါ"

"ပြောသာ ပြောပါ၊ ကျုပ်တတ်နိုင်မယ့် အကူအညီမျိုးဆိုရင် ပေးပါ့မယ်"

"ဒီလိုဖြင့် ဒီနေရာမှာတော့ မပြောပါရစေနဲ့၊ ကျုပ်တို့ နေထိုင်





တဲ့နေရာကို တဆိတ်လောက် လိုက်ခဲ့ကြပါ"

"ကောင်းပြီ. . . လိုက်ခဲ့ပါ့မယ်"

ထို့နောက်. . .

နီမောင်နှင့် ဦးဇန်ကောင်းတို့သည် ဦးဒီပတို့သုံးယောက် ခေါ်ရာနောက်သို့ လိုက်ခဲ့ကြလေသည်။

၎င်းတို့ကို ခေါ်သွားသောနေရာမှာ အခြားမဟုတ်ပေ။

နဂါးနက်တောင် ရှိရာသို့ပင် ဖြစ်ပေသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ညဦးပိုင်းအချိန်သို့ ရောက်လာရာ ပတ်ဝန်းကျင်၌ အမှောင်ရိပ်များ သမ်းလာချေပြီ။

တောင်ခြေနှင့် မနီးမဝေးနေရာ ရောက်သောအခါ မီးရောင်များကို အရင်လှမ်းမြင်ရသည်။

နီးလာတော့ လူသံသူသံများကို ကြားလာရသည်။

ရွာတွင်း ရောက်တော့ မီးရောင်တထိန်ထိန်နှင့် နေအိမ်များကို တွေ့ရသည်။

ရွာထဲမှာ သွားလာနေသူများက ဦးဒီပကို မြင်သောအခါ များစွာကြောက်ရွံ့ကြဟန်ဖြင့် အရိုအသေပေးကာ ကွင်းရှောင်သွားကြလေသည်။

ဦးဒီပက နီမောင်တို့ကို နှစ်ဆောင်ပြိုင်အိမ်ကြီးတစ်လုံး ရှိရာသို့ ခေါ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆောင်ပြိုင်အိမ်ကြီးမှာ ရှေးလက်ရာဖြင့် ဆောက်ထားသောအိမ်ကြီးဖြစ်ကာ ခမ်းနားထည်ဝါလှပေသည်။

အပြင်ဘက်မှ မြင်ရစဉ်က ရေနံချေးအရောင်များဖြင့် မည်းနေသော်လည်း အတွင်းရောက်သောအခါ မီးရောင်တထိန်ထိန်ဖြင့် ခမ်းနားထည်ဝါသော အသုံးအဆောင်ပစ္စည်းများကို တွေ့မြင်ရလေသည်။

အိမ်ပေါ် ရောက်သောအခါ ကွမ်းဆေးလက်ဖက်များဖြင့် ဧည့်ခံပြီးမှ ဦးဒီပက စပြောလေသည်။

"မိတ်ဆွေကြီးရဲ့ကျင့်စဉ် စရဏအားတွေနဲ့ဆိုရင် ကျုပ်တို့ဘဝမှန်တွေကို ရိပ်မိလောက်တယ်လို့ ထင်ပါတယ်"

"ပရလောကဘုံသားတွေဆိုတာလောက်ပဲ ရိပ်မိပါတယ်၊ ဒီထက်တော့ ပိုမသိပါဘူး"

"ကျုပ်တို့က နဂါးနက်တောင်ခေါင်းထဲမှာ အမှီပြုပြီး နေကြတဲ့ ဝိရူပက္ခ နဂါးအမျိုးအနွယ်က ဆင်းသက်လာတဲ့ မြွေအမျိုးအနွယ်တွေ ဖြစ်ကြပါတယ်"

ထိုစကားကြားသောအခါ ဦးဇန်ကောင်းက မည်သို့မျှ မထူးခြားသော်လည်း နီမောင်ကတော့ များစွာအံ့သြသွားလေသည်။

သို့ကြောင့် မလှမ်းမကမ်းမှာ ရှိနေကြသော မိန်းကလေး နှစ်ယောက်ကိုပါ မသိမသာ တစ်ချက်လှမ်းကြည့်လိုက်မိသည်။



မိန်းကလေးနှစ်ယောက်ကတော့ မည်သို့မှ ထူးခြားမှု ဖြစ်ပုံမရဘဲ နီမောင်ကို ပြန်ကြည့်နေကြသည်။

"အခု ဘယ်လိုအခက်အခဲတွေ တွေ့ကြုံနေကြပြီး ဘယ်လိုအကူအညီမျိုးတွေ လိုနေကြပါသလဲ"

"မိတ်ဆွေကြီး ဒီနယ်ကို ဝင်လာကတည်းက ကျုပ်တို့ သိပါတယ်၊ ကျုပ်တို့အတွက် အကူအညီပေးနိုင်တဲ့ ပုဂ္ဂိုလ်ဆိုတာလည်း ရိပ်မိပါတယ်၊ ကျုပ်တို့ တွေ့ကြုံနေရတဲ့ အခက်အခဲကတော့ အခြားမဟုတ်ပါဘူး၊ ဟောဒီက မြေးမနှစ်ယောက်အတွက်ပါပဲ"

ဦးဇန်ကောင်းက မိန်းကလေးနှစ်ယောက်ကို တစ်ချက်ကြည့်လိုက်လေသည်။

ဦးဒီပက ရှေ့၌ ချထားသော ကြေးကွမ်းအစ်ထဲမှ ကွမ်းတစ်ယာကို စားလိုက်ပြီးမှ ဆက်ပြောလေသည်။

"သူတို့နှစ်ယောက်က အပြစ်တစ်ခု ကျူးလွန်ခဲ့ကြတယ်၊ သာသနာ့ဘောင် ဝင်တော့မယ့် ကလေးတစ်ယောက်ကို ကျီစယ်လိုတဲ့ သဘောနဲ့ သူ့လိပ်ပြာကို ဒီနေရာ ရောက်အောင် ခေါ်လာခဲ့တယ်၊ ဒီအတွက် သက်ဆိုင်ရာနတ်မင်းတွေရဲ့ငြိုငြင်မှုကို ခံရတယ်၊ မကြာခင်မှာ ဒဏ်တပ်ခြင်းကိုလည်း သူတို့ ခံကြရတော့မယ်"

ထိုအခါမှာ မိန်းကလေးနှစ်ယောက်၏မျက်နှာမှာ ညှိုးကျသွားပြီး မျက်စိမျက်နှာပျက်သွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုများ ခံကြရမှာလဲ"

"လူတွေဆီမှာ အချုပ်အနှောင်ခံဘဝနဲ့ နေပြီး ဝဋ်ကြွေးဆပ်ကြရမှာပေါ့၊ အမှန်တိုင်း ပြောရရင်တော့ ကျုပ်တို့မြွေမျိုးနွယ်တွေကို ဘယ်လိုလူမျိုးမှ ဖမ်းဆီးလို့ မရနိုင်ပါဘူး၊

အဆိပ်ငွေ့ တစ်ချက်မှုတ်လိုက်တာနဲ့ ထိတဲ့လူတွေ သေစေနိုင်ပါတယ်၊

ဒါကြောင့် ဒီနေရာမှာ မြွေဖမ်းဖို့ လာကြတဲ့ဆရာတိုင်း ကျုပ်တို့လက်ချက်နဲ့ သေကြရတာပေါ့"

ဦးဇန်ကောင်းက ခေါင်းညိတ်ပြလိုက်လေသည်။

"အခုတော့ သူတို့ပြုလုပ်ခဲ့တဲ့ ဝဋ်ကြွေးကြောင့် ဒီတစ်ခါ လာဖမ်းရင် အဖမ်းခံကြရတော့မယ်၊ သူတို့ခိုင်းသမျှကို ခေါင်းငုံ့ပြီး လုပ်ပေးကြရတော့မယ်"

"ဒီလိုမလုပ်ဘဲ နေရင် မဖြစ်ဘူးလား"

"ဘုရားလောင်း ဘူရိဒတ်နဂါးမင်းရဲ့အဆိပ်မျိုးက သူ့ကို ဖမ်းတဲ့ မြွေအလမ္ပာယ်ပုဏ္ဏားကို မျက်စိနဲ့ ကြည့်ရုံနဲ့ ပြာကျသွားစေတဲ့ အဆိပ်မျိုးပါ၊ ဒါပေမယ့် ခံရမယ့်ဝဋ်ကြွေးကံ ရှိတော့ မျက်လုံးကို မှိတ်ထားပြီး သူပြုသမျှ ခံရသလိုမျိုးပေါ့၊ ခံရမယ့်ဝဋ်ကြွေးကံ ရှိရင် ဘယ်လောက်အဆိပ် ပြင်းတဲ့ နဂါးမျိုးဖြစ်ပါစေ. . . ခံကြရမှာပဲဗျ"

ဦးဇန်ကောင်းက ခေါင်းညိတ်ပြသည်။





"ဒီတော့ ကျုပ်တို့က ဘယ်လိုအကူအညီပေးရမှာလဲ ပြောပါ"

"အမှန်တိုင်းပြောရရင် သူတို့နှစ်ယောက်ကို တခြားလူတွေရဲ့ လက်ထဲကိုလည်း မရောက်စေချင်ပါဘူး၊

ဒေါသနဲ့ တစ်ခုခု လုပ်မိရင် နောက်ထပ်ဝဋ်ကြွေးကံတစ်ခု ထပ်တက်လာမှာစိုးမိပါတယ်၊

ဒါကြောင့် သူတို့နှစ်ယောက်ကို မိတ်ဆွေကြီးရဲ့လက်ထဲကို အပ်ပါရစေ"

ထိုစကားကြားသောအခါ နီမောင်ပင် အံ့သြသွားလေသည်။

"ကျုပ်တို့က ဘယ်လိုများ လုပ်ပေးရမှာပါလဲ"

"သူတို့ကို ဖမ်းခေါ်သွားပြီးတော့ အရပ်တကာလှည့်ပြီး မြွေအလမ္ပာယ်ပြပေးပါ၊ အဲဒီအတွက် ရတဲ့ငွေကြေးတွေကို ရောက်တဲ့ အရပ်မှာ ကုသိုလ်ကောင်းမှုပြုလုပ်ပေးပါ၊

သုံးနှစ်ပြည့်တဲ့အခါ သူတို့ဆပ်ရမယ့်ဝဋ်ကြွေး ကျေသွားရင် ဒီနေရာကို ပြန်ပို့ပေးရုံပါပဲ၊ ဒီအတွက် မိတ်ဆွေကြီးတို့ကို ကျေးဇူးဆပ်ပါ့မယ်"

ဟု အကူအညီတောင်းလေရာ ဦးဇန်ကောင်းကိုယ်တိုင်ပင် ဘယ်လိုပြန်ပြောရမှန်း မသိသဖြင့် ပါးစပ်ထဲ ရှိနေသော ကွမ်းယာကိုပင် ဖိဝါးနေတော့သည်။

မလှမ်းမကမ်းမှာ ထိုင်နေကြသော မိန်းကလေးနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ တရှုံ့ရှုံ့ ငိုနေကြလေသည်။

ထိုသို့ငိုနေတာ မြင်ပြန်တော့ နီမောင်မှာ စိတ်မကောင်း ဖြစ်မိလေသည်။

အတန်ကြာမှ ဦးဗန်ကောင်းက ပြောသည်။

"မိတ်ဆွေကြီး ပြောတဲ့အကူအညီကို ပေးပါ့မယ်၊ သူတို့ကို ဖမ်းပါဆိုရင်လည်း ဖမ်းပါ့မယ်၊ သို့သော်လည်း အရပ်တကာ လှည့်ပြီး မွေ့အလမ္မာယ်ပြတဲ့အလုပ်မျိုးတော့ မလုပ်ပါရစေနဲ့၊ တခြားနည်းနဲ့ပဲ အကူအညီပေးပါရစေ"

"ကောင်းပြီလေ. . . မိတ်ဆွေကြီးရဲ့လက်ထဲကို သူတို့နှစ်ယောက် အပ်လိုက်မှတော့ ကြိုက်သလို စီစဉ်ပါတော့၊ သူတို့အတွက် အတန်အသင့် လျှော့ဖို့တန်းဖို့နဲ့ သုံးနှစ်စေ့သွားဖို့ပဲ အရေးကြီးပါတယ်"

"ကောင်းပါပြီ. . . မိတ်ဆွေကြီးတို့ လိုအပ်တဲ့ အကူအညီကို ဆောင်ရွက်ပေးပါ့မယ်"

ဟု ကတိပေးလိုက်လေသည်။

အားလုံးမှာကြားပြီးသောအခါ. . .

"စောလှနွယ်နဲ့ စောမြချယ်တို့. . . ဆရာကြီးတို့နှစ်ယောက်ကို နေရာရောက်အောင် ပြန်ပို့ပေးလိုက်ကြပါ"

ဟု ပြောသဖြင့် မိန်းကလေးနှစ်ယောက်က ဦးဗန်ကောင်းတို့အား ပြန်ပို့ပေးရန် ပြင်ဆင်လေသည်။





ဦးဒီပကတော့ အိမ်ကြီးအတွင်းပိုင်းသို့ ဝင်သွားလေသည်။

အပြန်မှာတော့ စောလှနွယ်က နီမောင်အနီးသို့ ကပ်လာကာ ဤသို့ ပြောသည်။

"အစ်ကိုတို့က အခုလို အကူအညီ ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် တစ်ခုတော့ ထပ်ပြီး အကူအညီတောင်းရဦးမယ်"

"ဘာများပါလိမ့်"

"တခြားတော့ မဟုတ်ဘူး၊ ကျွန်မတို့ညီအစ်မကို ခေါ်သွားပြီးရင် နှစ်ဆောင်ပြိုင်အိမ်တစ်ဆောင် ဆောက်ပေးပါ၊ ဒီအတွက် ရွှေငွေ ပေးပါ့မယ်"

"ဘာကြောင့် နှစ်ဆောင်ပြိုင်အိမ် ဆောက်ခိုင်းရတာလဲ"

"ကျွန်မတို့ညီအစ်မနှစ်ယောက်က တစ်ယောက်တစ်ဆောင်စီ နေမှဖြစ်မှာမို့ပါ၊ အစ်ကိုတို့ စေခိုင်းတာတွေကိုလည်း မညည်းမညူ လုပ်ပေးပါ့မယ်"

"ကျွန်တော့်အနေနဲ့တော့ ဘာမှ ခိုင်းစရာ မရှိပါဘူး၊ အဘ ခိုင်းတဲ့အတိုင်း လုပ်ပေးရုံပါပဲ၊ ပြောတဲ့အတိုင်း နှစ်ဆောင်ပြိုင်အိမ်တစ်လုံးကိုလည်း ဆောက်ပေးပါ့မယ်၊ ဘယ်နေရာမှာ ဆောက်ပေးရမလဲ သာ ပြောပါ"

"နဂါးနက်တောင်ခြေနဲ့ မနီးမဝေးနေရာဆိုရင် ဘယ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် ရပါတယ်”

ဟု ပြောပြီး ညီမအငယ်ဖြစ်သူ စောမြချယ်က သူမဝတ်ဆင်ထားသော လက်စွပ်ကို ချွတ်ကာ နီမောင်ကို ပေးလေသည်။

“ဘာအတွက် ပေးတာလဲ”

“ကျွန်မတို့ညီအစ်မအတွက် နှစ်ဆောင်ပြိုင်အိမ်တစ်လုံးဆောက်ပေးဖို့အတွက်ပါ”

ဟု ပြောသဖြင့် နီမောင်က ယူ၍ကြည့်လိုက်သောအခါ တန်ဖိုးကြီးမားသော ပတ္တမြားလက်စွပ်ဖြစ်နေသည်ကို တွေ့ရသဖြင့် ယူရအခက် မယူရအခက် ဖြစ်နေတော့သည်။

“ဘာမှမစိုးရိမ်ပါနဲ့. . . ကျွန်မတို့ညီအစ်မအတွက်သာ ပြောတဲ့အတိုင်း ဆောင်ရွက်ပေးပါ၊ ဒီလက်စွပ်က စေတနာရှိလို့ ပေးတာပါ”

ဟု ပြောကာ ပေးသဖြင့် နီမောင်မှာ ယူထားလိုက်ရလေသည်။

ထို့နောက်. . .

စောလှနွယ်နှင့် စောမြချယ်တို့ညီအစ်မနှစ်ယောက်မှာ နီမောင်တို့ကို လိုက်ပို့ပေးပြီးနောက် နှုတ်ဆက်ကာ ပြန်သွားကြလေတော့သည်။







အခန်း(၇)

# နဂါးနက်တောင်မှ မြွေမင်းဖွဲ့

နောက်တစ်ပတ်ခန့် ကြာသောအခါ နီမောင်နှင့် ဦးဇန်ကောင်းတို့သည် ရွာသူရွာသားများ အကူအညီဖြင့် သစ်ပုတ်ပင်ကြီးနှင့် မဝေးလှသော နဂါးနက်တောင်ခြေတဝိုက်တွင် နှစ်ဆောင်ပြိုင်အိမ်ကြီးတစ်လုံး ဆောက်လုပ်လျက်ရှိသည်။

ကျွန်းသစ်များ ပေါလှသည်ဖြစ်သဖြင့် စိတ်ကြိုက်သစ်တုံးများ



www.burmeseclassic.com

www.burmeseclassic.com



ကို လှဲဖြတ်၍ လွှကြီးစင်ဖြင့် တင်ခွဲကာ နှစ်ဆောင်ပြိုင်အိမ်ကြီးကို အလျှင်အမြန် ဆောက်နေကြခြင်းဖြစ်သည်။

ရွာသူရွာသားများက ဝိုင်းဝန်းအကူအညီပေးကြသဖြင့် တစ်ပတ်အတွင်းမှာပင် နှစ်ဆောင်ပြိုင်အိမ်ကြီးကို ဆောက်လုပ်ပြီးစီးကြလေသည်။

အားလုံးကတော့ ဦးဗန်ကောင်းနှင့်နီမောင်တို့ နေကြမည်ဟု ထင်နေကြသည်။

နှစ်ဆောင်ပြိုင်အိမ်ကြီးကို စိတ်တိုင်းကျ ဆောက်ပြီးသောအခါ ကြိမ်များ၊ ဝါးများဖြင့် ကြီးမားသော ပခြုပ်ကြီးနှစ်လုံးကို ယက်လုပ်ကြပြန်လေသည်။

"ဆရာကြီး ပခြုပ်ကြီးတွေက ပုတ်လုံးလောက် ရှိပါလား . . ဘာလုပ်ဖို့လဲဗျ"

"မြွေဖမ်းဖို့ပါကွာ"

"ဒီလောက်ကြီးတဲ့ပခြုပ်ထဲ ထည့်ဖို့ဆိုတော့ မြွေက ဘယ်လောက်ကြီးမှာမို့လဲ"

"ဖမ်းပြီးတော့ တွေ့ရမှာပေါ့"

"ဘယ်နေရာက မြွေဖမ်းမှာလဲ"

"နဂါးနက်တောင်က မြွေနှစ်ကောင်ကို ဖမ်းမှာ"

ထိုစကားကြားသောအခါ အားလုံးအထိတ်တလန့် ဖြစ်သွား





ကြလေသည်။ ထိုနယ်တဝိုက်၌ နေထိုင်ကြသူများသည် **နဂါးနက်**တောင်မှ မြွေနက်ကြီးအကြောင်းကို မသိသူ မရှိကြပေ။

မမြင်ဖူး မတွေ့ဖူးကြသည့်တိုင်အောင် သတင်းတော့ ကြားဖူးကြလေသည်။

လူတစ်ယောက် မဆိုထားနှင့်၊ နွားတစ်ကောင်ကိုတောင် အကောင်လိုက် မြိုနိုင်ပြီး လာဖမ်းကြသောဆရာတိုင်း သေသူသေ၊ ထွက်ပြေးသူ ထွက်ပြေးရသော သတင်းများကလည်း ထိုနယ်တဝိုက်မှာ နေထိုင်ကြသူများအားလုံးက ကြားသိကြသည်။

သို့သော်လည်း နဂါးနက်တောင် လိုဏ်ခေါင်းအတွင်း၌ မြွေနက်ကြီးတစ်ကောင်သာ ရှိသည်ဟု သိထားကြပြီး အရွယ်တူ မြွေနက်ကြီးနှစ်ကောင်ရှိမှန်းတော့ မသိကြပေ။

သူတို့တစ်နယ်လုံးက ထိုမြွေနက်ကြီးကို နတ်မြွေ၊ သိုက်မြွေဟု သတ်မှတ်ထားကြလေသည်။

"နဂါးနက်တောင်က မြွေနက်ကြီးကို ဖမ်းလို့မဖြစ်ဘူးထင်တယ် ဆရာကြီး"

"ဘာကြောင့်လဲကွယ့်"

"နတ်မြွေမို့ ဘယ်သူမှ ဖမ်းလို့မရဘူးလို့ ပြောကြတယ်"

"အရင်ကရော လာဖမ်းကြဖူးလို့လား"

"ဖမ်းတယ် ဆရာကြီး၊ လာဖမ်းကြတဲ့ဆရာတိုင်း သေတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



သေ၊ ပြေးတဲ့သူ ပြေးကြရတယ်၊ ဆရာကြီးတို့လည်း အဲဒီလို ဖြစ်မှာစိုးလို့ပါ"

"မဖြစ်ပါဘူးကွယ်. . . စိတ်မပူကြပါနဲ့"

"အခု ကျွန်တော်တို့ရွာကို ဆရာကြီးတို့ ရောက်လာတာ အတော်ကလေးကို ဟန်ကျတယ်၊ သစ်ပုတ်ပင်သဘက်ကြီးရဲ့ရန်က အေးသွားတော့ တစ်သက်လုံး သုံးမရတော့ဘူးဆိုပြီး ပစ်ထားရတဲ့ လယ်ယာမြေတွေ ပြန်လုပ်လို့ရတယ်၊

ရွာထဲမှာလည်း အတော်ကလေး အေးချမ်းသွားတယ်၊ အဲဒါကြောင့် ဆရာကြီးတို့ တစ်ခုခု ဖြစ်သွားမှာကို သိပ်ပြီးစိုးရိမ်လို့ပါ"

"ဒီလောက်လည်း စိတ်မပူပါနဲ့ကွယ်၊ ဒီမြွေကြီးတွေကို ဖမ်းပြီးရင် အလှူအတန်း၊ ပွဲလမ်းသဘင်ပွဲတွေ ရှိရင် မြွေအလမ္ဘာယ်ပွဲတော်ထည့်ပြဖို့ စိတ်ကူးနေတာ၊

ကျုပ်တို့ မြွေသွားဖမ်းရင်သာ နည်းနည်းလောက် ကူညီပေးကြပါ"

"ဘယ်လိုကူညီပေးရမှာလဲ ဆရာကြီး"

"မြွေကြီးတွေကို အိမ်အရောက် ပြန်ထမ်းလာရင် ဝိုင်းကူပေးကြဖို့ပါ"

ဦးဗန်ကောင်းက ထိုသို့ပြောသောအခါ အချို့ကလည်း ယုံကြသည်။ အချို့က မယုံကြပေ။





အချို့က ကြောက်ရွံ့သဖြင့် မလိုက်ဝံ့သော်လည်း အချို့က စိတ်ဝင်စားသဖြင့် လိုက်မည်ဟု ပြောကြသည်။

နှစ်ဆောင်ပြိုင်အိမ်ကြီးကို ဆောက်လုပ်ပြီးစီးသည့်နောက် ကြီးမားသော မြွေပခြုတ်ကြီးနှစ်လုံးကို ပြုလုပ်နေသော ဦးဗန်ကောင်းတို့ကို အချို့က နားမလည်နိုင်အောင် ရှိနေကြသည်။

ပခြုတ်ကြီးများ ယက်လုပ်ပြီးသောအခါ နောက်တစ်နေ့တွင် မြွေဖမ်းသွားရန် ပြင်ကြလေသည်။

သူတို့နှင့်အတူ ရွာသားအချို့လည်း လိုက်ကြလေသည်။ ထိုသတင်းကြားသဖြင့် နဂါးကွင်းရွာအပါအဝင် အနီးဝန်းကျင်တဝိုက်မှ လူများပင် လာရောက်ကြည့်ရှုကြသည်။

၎င်းတို့မှာ သစ်ပင်များပေါ်မှ တက်ကြည့်ကြကာ အခြေအနေကို စောင့်ကြည့်ကြသည်။

အချို့ကလည်း. . .

"ဒီဆရာနှစ်ယောက်လည်း အရင်က လာတဲ့ဆရာတွေလို သေရင်သေ၊ မသေရင် ပြန်ပြေးကြရမှာ သေချာတယ်"

ဟု တီးတိုးပြောဆိုနေကြလေသည်။

နဂါးနက်တောင်၏နဂါးကွင်းဟု ခေါ်သော တွင်းပေါက်ကြီးနှင့် မနီးမဝေး ရောက်သောအခါ ပခြုပ်ကြီးနှစ်လုံးကို ချစေပြီး ရွာသားများကို အဝေးသွားနေစေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဦးဇန်ကောင်းက ပြင်ပ ပယောဂ အနှောင့်အယှက်များ မဝင်ရောက်နိုင်အောင် စည်းတားလေသည်။

ပြီးလျှင် ဖယောင်းတိုင်များ ထွန်းကာ ဘောစောင့်နတ်၊ တောင်စောင့်နတ်များကို တိုင်တည်သည်။

သက်ဆိုင်ရာပုဂ္ဂိုလ်များကို ပူဇော်ပသပြီးမှ အသံကျယ်ကျယ်ဖြင့် ရေရွတ်ပြောဆိုလေသည်။

"ဤနေရာ၌ ရှိကြကုန်သော ပရလောကသားအပေါင်းတို့၊ သင်တို့အား ကူညီပေးရန်အတွက် ကျွန်ုပ်တို့ ရောက်လာခဲ့ပေပြီ၊

ဝဋ်ကြွေးကံဆပ်ရန်အတွက် အပြင်သို့ လာကြကုန်လော့၊

ဝဋ်ကြွေးကံဆပ်ရန်အတွက် အပြင်သို့ လာကြကုန်လော့၊

ဝဋ်ကြွေးကံဆပ်ကြရန်အတွက် အပြင်သို့ ထွက်ခဲ့ကြကုန်လော့"

ဦးဇန်ကောင်းက ထိုသို့ရေရွတ်ပြောဆိုနေစဉ်မှာ နီမောင်က တောင်ခေါင်းပေါက်ဝဖက်သို့ မျက်နှာလှည့်ကာ မျက်စိကို မှိတ်ထားလေသည်။

ထိုအချိန်တွင် သူ့မျက်စိအာရုံအတွင်း၌ မြင်ကွင်းအချို့ ပေါ်လာလေသည်။

အခြားမဟုတ်ပေ။

ဂူကြီးတစ်ဂူ၏အတွင်း၌ ဦးဒီပက ထိုင်နေပြီး စောလှနွယ်နှင့်





စောမြချယ်တို့ညီအစ်မနှစ်ယောက်က ကန်တော့နေကြခြင်း ဖြစ်သည်။

၎င်းတို့နှစ်ဦးစလုံး၏မျက်နှာပေါ်မှာ မျက်ရည်များ စီးကျလျက်ရှိနေကြသည်။

အတန်ကြာတော့ နေရာမှ ထကာ ဂူကြီးအတွင်းမှ အပြင်သို့ ထွက်လာကြသည်။

လမ်းတစ်နေရာသို့ ရောက်သောအခါ လူအသွင်မှ တဖြည်းဖြည်းနှင့် မြွေနက်ကြီးနှစ်ကောင်အသွင်ပြောင်းကာ အပြင်ဘက်သို့ တရွေ့ရွေ့ ထွက်လာကြသည်။

ထိုမြင်ကွင်းများက မျက်လုံးမှိတ်ထားစဉ် တွေ့မြင်နေရသော မြင်ကွင်းများဖြစ်ပေသည်။

နီမောင်က မျက်စိဖွင့်ကြည့်လိုက်သောအခါ ပတ်ဝန်းကျင်တဝိုက်မှာ ငြိမ်သက်လျက်ရှိနေသည်။

ဦးဇန်ကောင်းကတော့ မျက်စိမှိတ်ကာ တတွတ်တွတ်နှင့် ရွတ်ဆိုလျက်ပင် ရှိနေသည်။

မလှမ်းမကမ်းရှိ သစ်ပင်များပေါ်မှာတော့ အခြေအနေကို လာရောက်ကြည့်နေကြသော ရွာသူရွာသားများ ရှိနေကြသည်။

၎င်းတို့သည် အခြေအနေကို ကြည့်ရင်း အချင်းချင်း တီးတိုး ပြောဆိုလျက်ရှိနေကြသည်။

အတန်ကြာသောအခါ ဂူအတွင်းမှ လျှောင်လှုပ်သံကဲ့သို့ မြည်



www.burmeseclassic.com

www.burmeseclassic.com



ဟီးသံကြီးများကို ကြားလာရသည်။

ယခင်တစ်ကြိမ်က ထိုကဲ့သို့ မြည်သံကြီး ပေါ်လာပြီးနောက် မြွေကြီးထွက်လာကာ မြွေဖမ်းလာသောဆရာကို ကိုက်ချီယူသွားခဲ့ဖူးသဖြင့် အားလုံးမှာ စိုးရိမ်စိတ်ကြောင့် မျက်တောင်မခတ် စိုက်ကြည့်နေကြလေသည်။

အတန်ကြာတော့ လိုဏ်ခေါင်းအပေါက်ဝမှ မြွေနက်ကြီးတစ်ကောင်၏ဦးခေါင်းကြီး ထွက်လာသည်။

ဦးဇန်ကောင်းက မြွေကြီးကို စိုက်ကြည့်ပြီး . .

"ကိုယ့်အပြစ်ကြွေးကို ဆပ်မယ်ဆိုရင် ဟိုပခြုပ်အတွင်းကို ဝင်ပေတော့"

ဟု ပြောလိုက်ရာ မြွေနက်ကြီးမှာ တလူးလူးတလွန့်လွန့်ဖြင့် ပခြုပ်ရှိရာသို့ သွားကာ သူ့ဖာသာ ပခြုပ်အတွင်းသို့ ဝင်သွားလေတော့သည်။

သစ်ပင်ပေါ်မှ ကြည့်နေကြသူများမှာ အံ့သြမဆုံးအောင် ရှိနေကြတော့သည်။

"ဒီဆရာကြီးကတော့ တကယ့်ဆရာပဲဟေ့၊ မြွေနက်ကြီးက အလိုအလျောက် ပခြုပ်အတွင်းကို ဝင်သွားပြီဟေ့"

ထိုသို့ပြောနေစဉ်မှာ နောက်ထပ်အသံကြီး ကြားရပြီး ဂူအတွင်းမှ နောက်တစ်ကောင် ထွက်လာပြန်သည်။





"ဟာ. . . ဟိုမှာ မြွေနက်ကြီးတစ်ကောင် ထပ်ထွက်လာပြန်ပြီ၊ ငါတို့က တစ်ကောင်ပဲ ရှိတယ်လို့ မှတ်နေတာ၊ အခု နှစ်ကောင်တောင် ရှိနေပါလား"

နောက်ထပ်ထွက်လာသော မြွေနက်ကြီးကလည်း အသင့်ဖွင့်ထားသော ပခြုပ်ကြီးအတွင်းသို့ သူ့အလိုလို ဝင်သွားပြန်သည်။

နှစ်ကောင်စလုံး ပခြုပ်အတွင်းသို့ ရောက်သောအခါ နီမောင်က ထပြီး ပခြုပ်အဖုံးများကို ပိတ်လိုက်သည်။

ပြီးမှ ပတ်ဝန်းကျင်မှ အခြေအနေကို စောင့်ကြည့်နေသော ရွာသူရွာသားများအား လှမ်းခေါ်လိုက်ရာ မရဲတရဲနှင့် သစ်ပင်ပေါ်မှ ဆင်းလာကြသည်။

၎င်းတို့သည် မြွေကြီးနှစ်ကောင်မှာ ပခြုပ်အတွင်း ရောက်နေသော်လည်း အဆိပ်ငွေ့များ မှုတ်လိုက်လျှင် လူများ သေစေသည်ကို သိထားကြသဖြင့် မဝံ့မရဲ ဖြစ်နေကြသည်။

နီမောင်က ခေါ်တော့မှ အနားကပ်လာကြသည်။

"ဖြစ်ပါ့မလား ဆရာလေး"

"ဖြစ်ပါတယ်ဗျ. . . အဆိပ်ငွေ့တွေနဲ့ မှုတ်ရင် လူသေတယ်ဗျ"

"မမှုတ်စေရပါဘူး"

"ဒီနှစ်ကောင်ကို ဘယ်ယူသွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ဆောင်ပြိုင်အိမ်ကြီးကို သယ်သွားကြမယ်၊ အားလုံး ဝိုင်းကူပေးကြပါဦး"

ဟု ပြောသဖြင့် ပချြပ်ကြီးများကို ကြိုးများဖြင့် သိုင်း၍ ဝါးလုံးတန်းများဖြင့် လျှိုကာ လူဆိုင်းခွဲ၍ ထမ်းယူကြလေသည်။

နှစ်ဆောင်ပြိုင်အိမ်ကြီးသို့ ရောက်သောအခါ ဦးဗန်ကောင်းက ပြောလေသည်။

"ဒီမြွေကြီးနှစ်ကောင်ကို ဖမ်းထားတာက ဒီနားတဝိုက်က လူတွေ စိတ်အေးလက်အေး အလုပ်လုပ်နိုင်ကြဖို့နဲ့ နောက်တစ်ချက်က ပွဲလမ်းသဘင်ပွဲတွေ ရှိရင် မြွေအလမ္ဘာယ်ပွဲ ခင်းကျင်းပြသဖို့ ဖြစ်ပါတယ်"

ထိုစကားကြားသောအခါ အားလုံးမှာ အံ့သြဝမ်းသာသွားကြလေသည်။

"မြွေအလမ္ဘာယ်ပွဲပြမယ်ဆိုတာ တကယ်ပြောတာလား ဆရာကြီး၊ ကျုပ်တို့တတွေလဲ အလမ္ဘာယ်ပွဲကောင်းကောင်း မကြည့်ကြရတာ အတော်ကြာပြီ"

"ရွာမှာ ပွဲလမ်းသဘင်ပွဲတွေ ရှိရင် ကျုပ်တို့ကို လာပြောပါ။ မြွေအလမ္ဘာယ်ပွဲ ပြပေးပါ့မယ်"

ဟု ပြောလိုက်ရာ ရွာသူရွာသားများမှာ ဝမ်းမြောက်စွာဖြင့် ပြန်သွားကြလေသည်။





ဦးဗန်ကောင်းတို့ ဆောက်ထားသော နှစ်ဆောင်ပြိုင်အိမ်ကြီးမှာ အခန်းကျယ်ကြီးနှစ်ခန်း ပါလေသည်။

အဆောင်တစ်ဆောင်၌ အခန်းကျယ်တစ်ခု ပါခြင်းဖြစ်သည်။

ရွာသားများ ပြန်သွားသောအခါ ဦးဗန်ကောင်းက ပချြပ်ကြီးများ၏အဖုံးကို ဖွင့်လိုက်ပြီး. . .

"ကဲ. . . သမီးတို့အတွက် ဆောက်ပေးထားတဲ့ အခန်းထဲကို သွားနေကြပေတော့"

ဟု ပြောလိုက်ရာ ပချြပ်တွင်းမှ တအိအိ ထွက်လာပြီး နှစ်ဆောင်ပြိုင်အိမ်ခန်းများ ရှိရာသို့ တရွေ့ရွေ့နှင့် သွားကြလေသည်။

၎င်းတို့အတွက် စီစဉ်ပေးထားသော အခန်းရှိရာသို့ ရောက်သောအခါ အခန်းများအတွင်းသို့ တစ်ကောင်စီ ဝင်သွားကြလေတော့သည်။

အတွင်းသို့ ရောက်သွားသည်နှင့် နီမောင်က အခန်းတံခါးများကို ပြန်ပိတ်ထားလိုက်လေသည်။

ဧည့်ခန်းသို့ ပြန်ရောက်သောအခါ နီမောင်က မေးသည်။

"ကျွန်တော်တို့ ဆောင်ရွက်ရမယ့် နောက်တာဝန်တစ်ခုဆိုတာ ဒီတာဝန်လား အဘ"

ဦးဗန်ကောင်းက အေးအေးဆေးဆေး အမူအယာဖြင့် ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုလို ဖမ်းထားပြီးတော့ ဘာလုပ်မှာလဲဟင်"

"ပွဲလမ်းသဘင်တွေ ရှိရင် ငါတို့က မြွေအလမ္မာယ်ပွဲ ပြပေးရမယ်၊ အဲဒီပွဲက ရတဲ့ပိုက်ဆံတွေကို စုထားပြီး ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပေးရမယ်၊ ဒါမှ သူတို့ဝဋ်ကြွေးကံတွေ ကျေမှာ"

"ဘယ်လောက်ကြာအောင် လုပ်ရမှာလဲ အဘ"

"သုံးနှစ်"

ဦးဗန်ကောင်းက လက်သုံးချောင်း ထောင်ပြသည်။

"အဘကို ပြောရဦးမယ်၊ သူတို့က ကျွန်တော့်ကို ပတ္တမြား လက်စွပ်တစ်ကွင်း ပေးထားတယ်၊ အသုံးလိုရင် သုံးဖို့လို့ ပြောတယ်"

"မင်းဝတ်ထားပေါ့ကွာ"

ဟု ပြောသဖြင့် နီမောင်လည်း ဆက်မမေးတော့ဘဲ ပတ္တမြား လက်စွပ်ကို ဝတ်ထားလိုက်လေသည်။

နီမောင်နှင့် ဦးဗန်ကောင်းတို့လည်း ပြောင်းရွှေ့နေထိုင်ကြလေသည်။

၎င်းတို့အတွက် အလုပ်တစ်ခု တိုးလာသည်မှာ သစ်ပုတ်ပင်သဘက်ကြီးအတွက် အစာကျွေးရသလို မြွေနက်ကြီးနှစ်ကောင်အတွက်ပါ အစာရှာဖွေကျွေးရသည်။

ထိုကဲ့သို့ အစာကျွေးမွေးရန်အတွက် ကုန်ကျသည့်ပိုက်ဆံများကိုလည်း ရရှိနေလေသည်။





ညအချိန်ရောက်လာသောအခါ ဦးဗန်ကောင်းက ပုတီးစိပ် တရားထိုင်နေစဉ် နီမောင်က အိမ်အပြင်ဘက်သို့ ထွက်လာသည်။

ထိုအခါ ခြံဝန်းထဲတွင် ရောက်နေသော စောမြချယ်ဆိုသော မိန်းကလေးကို တွေ့ရလေသည်။

စောမြချယ်မှာ သူ့ကို ပတ္တမြားလက်စွပ် ပေးခဲ့သော မိန်းကလေးဖြစ်သည်။

"စောမြချယ်ပါလား. . . ဒီမှာ လာနေရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ် အစ်ကိုရဲ့၊ အစ်ကိုတို့က အခုလို အကူအညီပေးထားတာကို ကျွန်မတို့ညီအစ်မနှစ်ယောက်စလုံးက သိပ်ပြီးကျေးဇူးတင်နေကြတာ၊ တခြားလူတွေရဲ့လက်ထဲကို ရောက်သွားရင် ကျွန်မတို့ညီအစ်မ နှိပ်စက်ခံကြရမှာ"

ထိုစကားကြားသောအခါ နီမောင်မှာ အနည်းငယ် စိတ်မကောင်း ဖြစ်သွားမိလေသည်။

အဘယ်ကြောင့်ဆိုသော်. . .

ဦးဗန်ကောင်းက ၎င်းတို့ညီအစ်မနှစ်ယောက်ကို မြွေအလမ္မာယ်ပြ၍ ငွေရှာရမည်ဟု ပြောထားသောကြောင့် ဖြစ်သည်။

"ဒါပေမယ့် အဘက စောမြချယ်တို့ ညီအစ်မနှစ်ယောက်နဲ့ မြွေအလမ္မာယ်ပြပြီး ငွေရှာရမည်ဟု ပြောထားတယ်၊ အဲဒီက ရလာတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံတွေနဲ့ ကုသိုလ်ကောင်းမှုတွေ လုပ်မယ်လို့ ပြောတယ်"

"ကောင်းတာပေါ့ အစ်ကိုရဲ့၊ ကျွန်မတို့ညီအစ်မ ကုသိုလ်ရတာပေါ့"

"အဲဒီလို မလုပ်ဘဲ အခြားက ငွေတွေ ယူလာရင်ကော မရဘူးလား"

"အဲဒီလို ယူလာရင် အဲဒီငွေတွေက ကျွန်မတို့ ရှာထားတဲ့ငွေ မဟုတ်တော့ ကုသိုလ်ဘယ်ရပ့ါမလဲ၊ ဆရာကြီးက မြွေအလမ္မာယ်ပြမယ်ဆိုတော့ ကျွန်မတို့ရဲ့လုပ်အား ပါမှာပေါ့၊ ဒါမှ ကုသိုလ်ရမှာပေါ့ အစ်ကိုရဲ့"

ဟု ပြောပြတော့မှ နီမောင်မှာ သဘောပေါက်သွားလေတော့သည်။

"ဒီလိုဆိုတော့လည်း ကောင်းတာပေါ့လေ"

"ဒါထက် အစ်ကိုတို့က ဒီနယ်ကို ရောက်လာကြတာ ကျွန်မတို့ကို အကူအညီပေးဖို့ လာကြတာပေါ့နော်"

"ဒီအကြောင်းတွေကို ကျွန်တော်ကတော့ သိပ်မသိပါဘူး၊ ဆရာကြီးမှ ပြည့်ပြည့်စုံစုံ သိမှာပါ"

"ကျွန်မတို့အဖိုးနဲ့ ဆရာကြီးနဲ့က အဆက်အသွယ်ရှိကြပါတယ်၊ ဒါကြောင့် ကျွန်မတို့ကိစ္စကို ဆရာကြီးကို အကူအညီတောင်းခဲ့တာ ဖြစ်မှာပါ၊ အစ်ကိုကရော ကျွန်မတို့အတွက် အခုလို လာလုပ်ပေး





နေရတာ စိတ်မညစ်ဘူးလားဟင်"

"လူတဖက်သားအတွက် အကူအညီပေးရတာပဲ. . . စိတ်မညစ်ပါဘူး၊ ကုသိုလ်တောင် ရဦးမှာပေါ့"

"အခုလို စေတနာထားတာ ကျေးဇူးတင်ပါတယ် အစ်ကိုရယ်၊ တစ်နေ့ကျရင် ဒီစေတနာကံတွေက အစ်ကို့ကို ပြန်ပြီးအကျိုးပေးကြမှာပေါ့"

ဟု ပြောဆိုကာ စောမြချယ်က နှစ်ဆောင်ပြိုင်အိမ်ကြီးအပေါ်သို့ ပြန်တက်သွားလေတော့သည်။

နီမောင့်စိတ်ထဲမှာတော့ ဘဝပေးကံမကောင်းခဲ့ကြသော စောလှနွယ်နှင့် စောမြချယ်တို့ညီအစ်မနှစ်ယောက်အတွက် စိတ်မကောင်းဖြစ်နေမိသည်။



www.burmeseclassic.com

classic.com





အခန်း(၈)

# ထူးဆန်းသော အလမ္ပာယ်ပြပွဲ

ယခုနှစ် နွေရာသီတွင် နဂါးကွင်းရွာတွင် ဘုရားထီးတင်ပွဲရှိရာ ပျော်ပွဲရွှင်ပွဲများအနေဖြင့် ဆိုင်းပွဲ၊ အငြိမ့်ပွဲများ ထည့်သွင်းရန်ပင် စီမံထားကြလေသည်။

ဆိုင်းပွဲကို ကျောက်ပန်းတောင်းမှပင် နာမည်ကြီး ဆိုင်းဝိုင်း တစ်ဝိုင်းကို ငှားရမ်း၍ရသော်လည်း အငြိမ့်ပွဲအတွက်မူ ဗိုဟ်တိုင်းကျ



www.burmeseclassic.com

www.burmeseclassic.com



ရှာမရသောကြောင့် ပွဲစီစဉ်သူများက မိတ္ထီလာအထိ သွားကာ ဇာတ်ပွဲ အငြိမ့်ပွဲ ငှားကြလေသည်။

တစ်နေ့တွင် နဂါးကွင်းရွာလူကြီးက ဦးဗန်ကောင်းတို့ ရှိသော နေအိမ်သို့ ရောက်လာလေသည်။

ဦးဗန်ကောင်းနှင့် နီမောင်တို့မှာ ၎င်းရွာသို့ ဆေးကုသရန် အတွက် အကြိမ်ကြိမ် ရောက်ဖူးသည့်အတွက် ရွာလူကြီးများနှင့် ကောင်းစွာသိကျွမ်းနေချေပြီ။

"အော် . . ဦးဘဇံတို့ပါလား၊ ဘယ်လိုအကြောင်းကိစ္စရှိလို့ များ ရောက်လာကြတာလဲ"

"ရောက်လာရခြင်း အကြောင်းအရင်းကတော့ တခြားတော့ မဟုတ်ဘူး ဆရာကြီး၊ ဒီနှစ် ကျုပ်တို့ရွာမှာ ဘုရားထီးတင်ပွဲကို အကြီး အကျယ် လုပ်မှာဆိုတော့ အဲဒါ ဆရာကြီးတို့ကိုလည်း ကွကြဖို့ လာဖိတ် ရင်းနဲ့ပါပဲ"

"ကျေးဇူးတင်ပါတယ်ဗျာ"

"ဒါတင်မကသေးဘူး ဆရာကြီးရဲ့၊ ဘုရားပွဲကလည်း နှစ်တိုင်း လုပ်နိုင်ကြတာ မဟုတ်ဘူး၊ ပဲ၊ နှမ်းကလည်း အထွက်ကောင်း၊ ဘုရား ထီးတင်ပွဲနဲ့လည်း ကြုံကြိုက်လို့ လုပ်နိုင်ကြတာပါ၊

ဒါကြောင့် တစ်ရွာလုံးက စိတ်အားထက်သန်နေကြတယ်"

"ကောင်းတာပေါ့ဗျာ"





"အဲဒါကြောင့် ဆိုင်းပွဲ၊ အငြိမ့်ပွဲတွေနဲ့ ကျင်းပဖို့လည်း **စီစဉ်** ထားပြီးပြီ၊ အဲ . . တစ်ခုတော့ ရှိတယ်၊ ကျုပ်တို့ရွာက တခြား**ရွာတွေ** ထက် ပိုပြီးထူးထူးခြားခြားဖြစ်အောင် စီစဉ်ချင်တာနဲ့ ဆရာကြီးဆီက အကူအညီတောင်းရအောင် လာခဲ့ကြတာပါပဲ"

"ဘယ်လိုများ အကူအညီပေးရမလဲ ပြောပါ"

"တခြားတော့ မဟုတ်ပါဘူး၊ ဆရာကြီးတို့ ဖမ်းထားတဲ့ မြွေ နက်ကြီးနှစ်ကောင်အကြောင်းကိုလည်း တစ်နယ်လုံးက သိနေကြပြီး စိတ်ဝင်စားနေကြတယ်၊

တကယ်လို့သာ ဒီမြွေကြီးနှစ်ကောင်ကို မြွေအလမ္မာယ်ပွဲ သွင်း လိုက်ရလို့ကတော့ တစ်နယ်လုံးက လာကြည့်ကြပြီး ကျုပ်တို့ရွာက ဘုရားပွဲတော့ ကြက်ပျံမကျ စည်ကားမှာ သေချာတာပေါ့ဗျာ၊

ဒါကြောင့် ဘုရားပွဲကို အကူအညီပေးတဲ့အနေနဲ့ လာပြဖြစ် အောင် ပြပေးဖို့ တောင်းပန်ချင်တာပါဗျာ"

ဟု ပြောသဖြင့် ဦးဗန်ကောင်းမှာ မငြင်းသာတော့ပေ။ သူ့ အနေနှင့် စောလှနွယ်၊ စောမြချယ်တို့ညီအစ်မနှစ်ယောက်အတွက် လုပ်ပေးစရာလေးများ ရှိနေသောကြောင့် ထိုပွဲကို လာရောက်ပါမည် ဟု ကတိပေးလိုက်ရာ နဂါးကွင်းရွာသားများလည်း ပျော်ရွှင်စွာ ပြန် သွားကြလေသည်။

၎င်းတို့ ပြန်သွားပြီးသောအခါ ညဘက်တွင် ဦးဗန်ကောင်းက



www.burmeseclassic.com

www.burmeseclassic.com



စောလုနွယ်နှင့် စောမြချယ်တို့ညီအစ်မနှစ်ယောက်ကို ခေါ်၍ အကျိုးအကြောင်း ပြောပြရလေသည်။

"သမီးတို့နှစ်ယောက်ကို ခေါ်ရတာကတော့ အခြားကိစ္စမဟုတ်ဘူး၊ နဂါးကွင်းရွာက ဘုရားပွဲမှာ မွေ့အလမ္ပာယ်ပြဖို့ ကတိပေးလိုက်မိပြီ၊ အဲဒါ သမီးတို့နှစ်ယောက် လုပ်နိုင် မလုပ်နိုင် ခေါ်မေးရတာပဲ"

"ဆရာကြီး ကောင်းမယ်ထင်လို့ စီစဉ်တာကို ကျွန်မတို့ မငြင်းပါဘူး. . . လိုက်လုပ်ပေးပါ့မယ်"

"ဘုရားပွဲအတွက် လုပ်ကြတာဆိုတော့ ဒီပွဲက ရလာတဲ့ငွေတွေကို ဘုရားအတွက် ပြန်လှူလိုက်ရင် ငါ့သမီးတို့လည်း ကုသိုလ်ရမှာပေါ့"

"ကောင်းပါတယ် ဆရာကြီး"

"ဒါပေမယ့် တစ်ခုတော့ မှာချင်တယ်၊ ငါ့သမီးတို့က သာမန်မွေ့မျိုးတွေ မဟုတ်ကြဘူး၊ ဝိရူပက္ခနဂါးအမျိုးအနွယ်တွေဆိုတော့ အဆိပ်ပြင်းတယ်၊ အဆိပ်ငွေ့ ထိရုံနဲ့ လူတွေ ဒုက္ခရောက်ကြမှာမို့ ဒေါသဖြစ်ပြီး အဆိပ်ငွေ့ မထုတ်မိအောင်တော့ သတိထားကြပါ"

"သတိထားပါ့မယ် ဆရာကြီး၊ ကျွန်မတို့ကို ဒုက္ခရောက်အောင် အရှက်တကွဲ အကျိုးနည်းဖြစ်အောင်၊ မျက်ရည်ပေါက်ကြီးငယ်ကျအောင် မလုပ်မချင်း အဆိပ်ငွေ့ မလွှတ်ပါဘူးလို့ ကတိပေးပါ့မယ်"





စောလုနွယ်က ထိုသို့ကတိပေးပြီးသောအခါ စောမြချယ်က ဝင်ပြောလေသည်။

"ဒီပွဲကို ကျွန်မတို့ညီအစ်မနှစ်ယောက်ပါ လိုက်ပါရစေ ဆရာကြီး"

"တကယ်လို့ သမီးတို့ပါ လိုက်လာရင် လူတွေ ရိပ်ကြမိလိမ့်မယ်၊ ဒါ့အပြင် အနှောင့်အယှက်ပါ ပေးလာရင် ဒေါသထိန်းနိုင်ပါ့မလား"

"ထိန်းပါ့မယ် ဆရာကြီး"

"ကောင်းပြီလေ. . . ဒီလိုဆိုရင်လည်း လိုက်လိုက လိုက်ခဲ့ကြပေါ့"

ဟု ခွင့်ပေးလိုက်ရာ ညီအစ်မနှစ်ယောက်စလုံး ဝမ်းသာပျော်ရွှင်သောအမူအရာဖြင့် အခန်းတွင်း ပြန်ဝင်သွားကြလေသည်။

ထိုအချိန်မှာ သစ်ပုတ်ပင် သဘက်ကြီး ရောက်လာပြန်သည်။

"ဆရာကြီးတို့ ဟိုဘက်ရွာ သွားရင် ကျုပ်လည်း လိုက်ပါရစေ"

"မင်းက ဘာကိစ္စ လိုက်ချင်ရတာလဲ"

"အကူအညီ ပေးရအောင်ပါ၊ ဆရာကြီးတို့ လာမယ်မှန်း သိရင် အနှောင့်အယှက်ပေးမယ့် မိစ္ဆာတွေ ပရလောကသားတွေ အများကြီး လာကြလိမ့်မယ်၊

ကျုပ်ပါတော့ နှိမ်နင်းပေးလို့ရတာပေါ့၊ နောက်ပြီး မွေ့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင် ထည့်ထားတဲ့ ပခြုပ်ကြီးနှစ်လုံးကို ကျုပ်ထမ်းယူသွားတော့ လွယ်လွယ်လေးနဲ့ ရတာပေါ့”

“အင်း. . . ဒါလည်း ဟုတ်တာပဲ၊ မဟုတ်ရင် ဒီပခြုပ်ကြီးနှစ်လုံး ထမ်းဖို့ လူတွေရှာ၊ လှည်းတွေရှာနဲ့ အလုပ်ရှုပ်ဦးမယ်၊ အေး. . . လိုက်ချင်လည်း လိုက်ခဲ့ပေါ့၊

ဒါပေမယ့် လူတွေကို မနှောင့်ယှက်ပါဘူးဆိုတဲ့ကတိတော့ ပေးရမယ်”

“ပေးပါ့မယ်”

ဟု ကတိပေးလေသည်။

နဂါးကွင်းရွာ ဘုရားပွဲတော်ကျင်းပရာရက် ရောက်သောအခါ သစ်ပုတ်ပင်ရွာရှိ ဆရာကြီးဦးဇန်ကောင်းတို့ နေသော နှစ်ဆောင်ပြိုင် အိမ်ကြီး ရှိရာမှ မြွေပခြုပ်ကြီးနှစ်လုံးကို ဝါးလုံးကြီးဖြင့် လျှိုထမ်းသွား သည်ကိုသာ လှမ်းမြင်လိုက်ရပြီး ထမ်းသွားသည့်သူကိုတော့ မမြင်ရကြပေ။

ဘုရားပွဲသို့ ဦးဇန်ကောင်း၊ နီမောင်၊ စောလှနွယ်နှင့် စောမြချယ်တို့ လိုက်သွားကြသည်။

၎င်းတို့ညီအစ်မနှစ်ဦးမှာ အနက်ရောင်ဝတ်စုံများ ဝတ်ဆင်ထားကြလေသည်။

ဘုရားပွဲ ရောက်သောအခါ ဆိုင်းပွဲ၊ အငြိမ့်ပွဲများ မစမီ ညနေ





ပိုင်းအချိန်တွင် ပြသပေးရလေသည်။

၎င်းတို့အတွက် စင်မလိုဘဲ မြေဝိုင်း၌သာ ကျင်းပလေသည်။

ဦးဇန်ကောင်းကတော့ ထုံးစံအတိုင်း ရွာတော်ရှင်၊ နယ်တော် ရှင်များ၊ ဘုမ္မိယပုဂ္ဂိုလ်များအတွက် ကန်တော့ပွဲများ ပေးထားသည်။

စည်းဝိုင်းကိုလည်း အသေအချာ ဝိုင်းထားလေသည်။

အတွင်းသို့ လူမဝင်နိုင်ရန် ကြိုးအနီစများဖြင့် ပတ်ဝိုင်းထား လေသည်။

အသံချဲ့စက်မှတဆင့် ၎င်းတို့မြွေအလမ္ပာယ်ပွဲ ပြသတော့မည် ဖြစ်ကြောင်း၊ ပြသမည့်မြွေများမှာလည်း အခြားမဟုတ်ဘဲ နဂါးနက် တောင်မှ မြွေနက်ကြီးနှစ်ကောင်ဖြစ်ကြောင်း ကြေငြာပေးလိုက်သော အခါ လူများ ကြိတ်ကြိတ်တိုး လာရောက်ကြည့်ရှုခြင်းဖြစ်ရာ လူအုပ် ကြီးမှာ အဖွေးသားဖြစ်နေတော့သည်။

မြွေအလမ္ပာယ်ပွဲ ပြရန် နီးသောအခါ ဦးဇန်ကောင်းက ဖယောင်းတိုင်များ မီးထွန်းခြင်း၊ ဆန်မန်းပေါက်ပေါက်များ ကြဲခြင်း၊ ရွတ်ဆိုရန် ရှိသည်များကို ရွတ်ဆိုလေသည်။

၎င်းရွတ်ဆိုနေသည်မှာ အခြားမဟုတ်ဘဲ ပတ်ဝန်းကျင်မှာ ရှိကြသည့် မြင်အပ်သောပုဂ္ဂိုလ်၊ မမြင်အပ်သောပုဂ္ဂိုလ်များမှ အနှောင့် အယှက် မပေးကြရန် မေတ္တာရပ်ခံခြင်းဖြစ်လေသည်။

“ယခု မြွေအလမ္ပာယ်ပွဲကို ပြသတော့မှာ ဖြစ်ပါတယ်၊ နဂါး



www.burmeseclassic.com

www.burmeseclassic.com



နက်မြွေကြီးနှစ်ကောင်ကို ပြသမှာကတော့ ကျွန်ုပ်ရဲ့တူမများဖြစ်တဲ့ မဟူရာညီအစ်မက ပြသပေးကြမှာဖြစ်ပါတယ်”

ဟု ကြော်ငြာပေးလိုက်သောအခါ ပရိသတ်များက သဘောကျစွာဖြင့် လက်ခုပ်လက်ဝါး တီးကြလေသည်။

မဟူရာညီအစ်မဟု အမည်ပေးထားသော စောလှနွယ်နှင့် စောမြချယ်တို့ညီအစ်မ စည်းဝိုင်းအတွင်းသို့ ဝင်သောအခါ ချောမောလှပသူများဖြစ်သဖြင့် ပရိသတ်များက သဘောကျကြလေသည်။

ထိုပွဲခင်းထဲတွင် ရောက်နေသော ဟန်မောင်မှာ မဟူရာညီအစ်မနှစ်ယောက်ကို မြင်သောအခါ များစွာအံ့သြသွားလေသည်။ တစ်နေရာမှာ မြင်ဖူးသည်အထင်နှင့် စဉ်းစားကြည့်နေရာ အတန်ကြာသောအခါမှ သတိရလာသည်။

ထိုအခါ နံဘေးနားမှာ ရှိနေသော အဖော်များကို ပြောသည်။

“ငါ သူတို့ကို မြင်ဖူးသလိုပဲ”

“သူတို့က အခုမှ လာတာ၊ ဘယ်မှာ မြင်ဖူးတာလဲ”

“မဟုတ်ဘူး. . . ငါ တစ်ခါက အိပ်မက်မက်တော့ အိပ်မက်ထဲမှာ သူတို့နှစ်ယောက်ကို တွေ့ခဲ့ဖူးတယ်”

“ဘယ်နေရာမှာ တွေ့တာလဲ”

“နဂါးနက်တောင်မှာ”

“ဟင်. . .”





ထိုစကားကြားသောအခါ ကျန်အဖော်များမှာ နည်းနည်းတော့ အံ့သြသွားကြလေသည်။

“အိပ်မက်ထဲမှာ မြင်တာပဲ၊ အဆန်းမှ မဟုတ်တာ၊ အိပ်မက်ဆိုတာ သူမက်ချင်သလို မက်မှာပေါ့”

“မဟုတ်ဘူးကွ. . . အိပ်မက်ထဲမှာ သူတို့နှစ်ယောက်က မြွေနက်ကြီးနှစ်ကောင် ဖြစ်သွားတာကို မြင်ရတာ”

“ဟေ. .”

ထိုသို့ပြောနေစဉ်မှာ မြွေအလမ္ပာယ်ပွဲက စတင်ပြသလေသည်။ ပွဲစသည်နှင့် မဟူရာညီအစ်မက အမိန့်ပေးလိုက်သောအခါ အပေါက်ဝ ဖွင့်ထားသော ပချိုင်ကြီးနှစ်လုံးအတွင်းမှ ကြီးမားလှသော မြွေနက်ကြီးနှစ်ကောင် ခေါင်းပြူထွက်လာကြလေတော့သည်။

မြွေနက်ကြီးနှစ်ကောင် ထွက်လာသည်ကို မြင်သောအခါ စည်းဝိုင်းနားအထိ ရောက်နေသော ကလေးရော လူကြီးများပါ အလန့်တကြားနှင့် နောက်သို့ ဆုတ်ပေးကြရာ တစ်ယောက်နှင့်တစ်ယောက် တိုက်မိပြီး ပြိုလဲသွားကြလေသည်။

“ဟာ. . . နဂါးနက်တောင်က မြွေနက်ကြီးနှစ်ကောင်ဟ”

“ငါတို့ ကျွဲနွားတွေကို အကောင်လိုက် မြိုတာ ဒီမြွေကြီးတွေပေါ့”

“ဒါတင် ဘယ်ကမလဲဟ၊ သူတို့ကို လာဖမ်းတဲ့မြွေဆရာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို သတ်စားခဲ့တာလည်း နည်းတော့တာမှတ်လို့၊ အခုကာမှ ဘယ်လို ဖြစ်ပြီး ဒီဆရာကြီးလက်ထဲ ရောက်နေရတာလဲ”

ဟု အမျိုးမျိုး ပြောဆိုကြလေသည်။

ပွဲစသောအခါ မဟူရာညီအစ်မတို့က မြွေကြီးနှစ်ကောင်ကို လိမ္မာယဉ်ကျေးသော တိရစ္ဆာန်များပမာ စေခိုင်းပြသပေးလေသည်။

မြွေနက်ကြီးနှစ်ကောင်ကို တပြိုင်နက်တည်း ပါးပျဉ်းထောင် စေကာ ယိမ်းထိုးကပြစေခြင်း၊

လူကို အထပ်ထပ် ရစ်ပတ်၍ ကိုက်မြိုတော့ဟန်ပြခြင်း၊ မိန်း ကလေးနှစ်ယောက်က ဒေါသထွက်အောင် စလိုက်သောအခါ ‘ဖြီး’ ကနဲ ပါးပျဉ်းထထောင်သောအခါ ပရိသတ်များမှာ အလန့်တကြား နောက်ဆုတ်ပြေးကြလေသည်။

မြွေကြီးနှစ်ကောင်က ပါးပျဉ်းထောင်၍ မိန်းကလေးနှစ် ယောက်ကို တအားလွှဲပေါက်ချလိုက်ရာ ကြည့်နေသူများပင် မျက်လုံး ပြာသွားကြလေသည်။

သို့သော်လည်း ဦးခေါင်းနှင့် မထိခင်မှာ မိန်းကလေးက လက် ဝါးဖြင့် တားလိုက်ရာ အရှိန်တန့်သွားပြီး ပါးပျဉ်းသိမ်းကာ မြေပေါ်သို့ ဝပ်ကျသွားခြင်း၊

နှစ်ကောင်စလုံး အမြီးများကို မြေ၌ ထောက်ကာ ရှည်လျား သော ကိုယ်လုံးများကို လေထဲ၌ ယိမ်းထိုးကပြခြင်း၊





နောက်ဆုံးပြကွက်မှာ ပရိသတ်များ သဘောအကျဆုံးပြကွက် ပင်ဖြစ်လေသည်။


မြွေနက်ကြီးနှစ်ကောင် ပေါင်း၍ မြေပြင်ပေါ်မှာ လူးလွန့်ကာ ဗျည်း(၃၃)လုံးဖြစ်သော ကကြီးမှ အ,အထိ အက္ခရာစာလုံးများ ပုံဖော် ပြသကြခြင်းဖြစ်သည်။

ဗျည်း(၃၃)လုံး ပြလုပ်ပြပြီးသောအခါ (စ. ခ. ဗ. ဝ) အစရှိ သော စမများကို ခန္ဓာကိုယ်များဖြင့် ကွေးညွတ်ကာ ပုံစံတူအောင် ပြုလုပ်ပြလေသည်။

ထို့နောက်. . .

ပရိသတ်များကို ဦးညွှတ်၍ အရိုအသေပေးကာ ပခြုပ်များ အတွင်းသို့ ပြန်ဝင်သွားကြလေတော့သည်။

ထိုအခါ ပရိသတ်များမှာ သဘောကျလွန်းသဖြင့် မုးစေ့ မတ် စေ့များကို စည်းဝိုင်းအတွင်းသို့ ပစ်ကြဲချပေးရာ ငွေအကြွေစေ့များ ဖွေးဖွေးလှုပ်သွားလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





အခန်း(၉)

# ဘဝဆိုးသူများနှင့် လမ်းခွဲကြရခြင်း

ဘုရားထီးတင်ပွဲရက်က (၃)ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ ညနေပိုင်းအချိန်တွင် အလှူမှာယ်ပွဲ ပြီးပြီး ညဦးပိုင်းအချိန် ရောက်သောအခါ ဆိုင်းဝိုင်းတလှည့် ဇာတ်ပွဲတလှည့်ဖြင့် ဧည့်ခံပေးကြရာ ကြိတ်ကြိတ်တိုး စည်ကားလှသည်။

နဂါးကွင်းရွာသာမက အခြားရွာများကပါ လာရောက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မြွေနက်ကြီးနှစ်ကောင်သတင်း ကြားသဖြင့် ကျောက်ပန်းတောင်း၊ ရေနံချောင်း၊ မိတ္ထီလာ၊ ပုဂံ စသော မြို့များမှပင် လာရောက်ကြည့်ကြလေသည်။

ဘုရားပွဲတော်ရက်၌ အနယ်နယ်အရပ်ရပ်မှ လာကြသဖြင့် လူတိုးမပေါက်အောင် စည်ကားလေသည်။

ဦးဗန်ကောင်းကလည်း အလှူငွေများများရစေရန် (၃)ရက်ပြည့်အောင် ပြပေးပါမည်ဟု ကတိပေးထားလေသည်။

နဂါးကွင်းရွာနှင့် သစ်ပုတ်ပင်ရွာမှာ မဝေးလှသောကြောင့် အလမ္ပာယ်ပွဲ သိမ်းသည်နှင့် ညအချိန်ရောက်သောအခါ မြွေပခြုပ်ကြီးများကို သစ်ပုတ်ပင်သဘက်ကြီးက ထမ်းကာ ပြန်သွားကြလေသည်။

သစ်ပုတ်ပင်သဘက်ကြီး ပါသဖြင့် ညအချိန်မတော် ပြန်သော်လည်း အနှောင့်အယှက် မတွေ့ကြရပေ။

နောက်တစ်နေ့ ပွဲပြချိန်နီးမှ ပြန်လာကြလေသည်။

နောက်ဆုံးနေ့ မြွေအလမ္ပာယ်ပြရန် ပြင်ဆင်နေချိန်မှာ လူအုပ်အတွင်းမှာ အမျိုးသမီးတစ်စု ရောက်နေကြသည်။

၎င်းတို့သည် အခြားတစ်နေရာမှ ရောက်လာကြဟန်ရှိလေသည်။ ပွဲမစခင်ကတည်းက စည်းဝိုင်းအနီးမှာ ကပ်ထိုင်နေကြလေသည်။

မိန်းမသုံးယောက်ဖြစ်ပြီး သုံးယောက်စလုံး အဝတ်အနက်များ





ဝတ်ထားကာ ဆံပင်ဖားလျားချထားကြသည်။

ထို့ပြင် ၎င်းတို့ စီးလာသော ဖိနပ်များကိုလည်း နောက်ပြန်ဖင်ခုထိုင်ထားကြသည်။

ပွဲပြရန်အတွက် စောလှနွယ်နှင့် စောမြချယ်တို့နှစ်ယောက် ဝိုင်းအတွင်း ဝင်လာသောအခါ စူးစူးဝါးဝါး လှမ်းကြည့်နေကြသည်။

မဟူရာညီအစ်မကလည်း စည်းဝိုင်းနားမှာ ထိုင်နေသော မိန်းမသုံးယောက်ကို သတိပြုမိသဖြင့် တစ်ချက်လှမ်းကြည့်သည်။

ထိုအခါ မိန်းမသုံးယောက်က မခိုးမခန့် အမူအယာဖြင့် ပြုံးပြကြသေးသည်။

ထိုအခါ ဦးဗန်ကောင်းက အနီးသို့ လျှောက်သွားသည်။

"ငါ့တူမတို့ ကြည့်မယ်ဆိုရင် ကောင်းကောင်းကြည့်ကြပါ. . . မနှောင့်ယှက်ကြပါနဲ့"

"ကျုပ်တို့က ဘာများ နှောင့်ယှက်နေလို့လဲ"

"နင်တို့အခြေအနေကို ငါသိပါတယ်၊ ဒီမှာ ရတဲ့ငွေတွေကို ဘုရားအတွက် လှူမှာဆိုတော့ အေးအေးနေကြဖို့ တောင်းပန်ပါတယ်"

"ဘာမှမလုပ်ပါဘူး ဆရာကြီးရယ်၊ ပြမှာသာ ပြပါ"

ဟု ပြောသဖြင့် ပွဲပြရန် မြွေကြီးနှစ်ကောင်ကို ပခြုပ်ထဲမှ ထုတ်လိုက်သည်နှင့် တရှူးရှူး တရှဲရှဲနှင့် ဒေါသထွက်နေကြရာ ပွဲပြ၍ မရလောက်အောင် ဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးဇန်ကောင်းက ထိုမိန်းမသုံးယောက်အနီးသို့ သွားကာ လေသံမာမာဖြင့် ပြောလိုက်သည်။

"နင်တို့ ဘယ်သူတွေ ဖြစ်ပြီး ဘယ်အဆင့် ရှိတယ်ဆိုတာ ငါသိတယ်၊ ဒီတော့ ငါတို့ပြန်မယ့်လမ်းက စောင့်နေကြ၊ ဒီမှာတော့ မနှောင့်ယှက်ကြနဲ့၊ ပွဲပြီးတာနဲ့ ငါတို့လာခဲ့မယ်"

"ကောင်းပြီ. . . တွေ့ကြသေးတာပေါ့"

ဟု ပြောဆိုကာ မျက်ထောင့်နီကြီးများဖြင့် ကြည့်ကာ လူအုပ်ကြားထဲမှ အပြင်သို့ ပြန်ထွက်သွားကြလေသည်။

၎င်းတို့ ပြန်ထွက်သွားသောအခါမှ အလမ္ပာယ်ပွဲကို ပြီးဆုံးအောင် ပြ၍ရကြပြီး ပွဲသိမ်းသောအခါ ရသမျှငွေကြေးများကို နဂါးကွင်းရွာလူကြီးလက်သို့ အပ်လိုက်ကြသည်။

"ဒီငွေတွေကို ဘုရားအတွက် အသုံးပြုပေးပါ၊ အလှူရှင်ရဲ့ အမည်ကိုလည်း စောလှနွယ်နဲ့ စောမြချယ် ညီအစ်မနှစ်ယောက်တို့ရဲ့ ကုသိုလ်ကောင်းမှုလို့ တပ်ပေးပါ"

"ကောင်းပါပြီ ဆရာကြီး၊ မှာကြားတဲ့အတိုင်း လုပ်ပေးပါ့မယ်"

ဟု ပြောလေသည်။

ထို့နောက် ညဦးပိုင်းအချိန်တွင် သစ်ပုတ်ပင်ရွာသို့ ပြန်ရန် ပြင်ကြလေသည်။

"ကျွန်တော်တို့ ပြန်ရင် လမ်းမှာ ဟိုမိန်းမသုံးယောက်နဲ့ တွေ့ရ





လိမ့်မယ်ထင်တယ် အဘ"

"သူတို့ တတ်တဲ့ပညာလေးတွေနဲ့ လာစမ်းကြတာပါ၊ တကယ်လို့ တွေ့တော့လည်း စိတ်ပူစရာ မရှိပါဘူး"

ဟု ပြောကာ ထုံးစံအတိုင်း ဦးဇန်ကောင်းက ရှေ့ဆုံးမှ လျှောက်ကာ နီမောင်နှင့် စောလှနွယ်၊ စောမြချယ်တို့က အလယ်မှ လိုက်ကြသည်။

သစ်ပုတ်ပင် သဘက်ကြီးကတော့ ပခြုပ်ကြီးနှစ်လုံးကို ရှေ့တစ်လုံး နောက်တစ်လုံး ဝါးပိုးဝါးကြီးဖြင့် လျှိုထမ်းကာ နောက်ဆုံးမှ လိုက်လာလေသည်။

ထမ်းပိုးဝါးမှာ (၁၂)တောင်ခန့် အရှည်ရှိလေသည်။

ရွာအပြင်သို့ ထွက်သည်နှင့် တောနက်တစ်နေရာ အရွယ်အစားကြီးမားသော ခွေးနက်ကြီး ပြေးထွက်လာကာ သူတို့ ရှိရာသို့ တရကြမ်း ပြေးလာသည်။

မလှမ်းမကမ်း ရောက်လာသောအခါ. . .

"ဖုန်း. . ဖုန်း. . ဖုန်း"

ဟု အသံကြားလိုက်ပြီး ခွေးနက်ကြီးသုံးကောင်မှာ လိမ့်ထွက်သွားပြီး တကိန်ကိန် အော်လျက် နောက်ကြောင်းသို့ ပြန်ပြေးသွားကြလေသည်။

လှည့်ကြည့်လိုက်သောအခါ လေထဲမှာ ဝဲသွားသော ထမ်းပိုး



www.burmeseclassic.com

www.burmeseclassic.com



ဝါးလုံးကြီးကို လှမ်းမြင်လိုက်ရသည်။

ရှေ့သို့ ဆက်လျှောက်လာတော့ အမှောင်ရိပ်ထဲမှာ မည်းမည်းသဏ္ဌာန်များစွာ စောင့်နေသည်ကို လှမ်းမြင်လိုက်ရသည်။

မှောင်ရီသမ်းနေသော လယ်ကွင်းထဲမှာ အကြီးအသေး အရွယ်အစား စုံလင်လှသော မည်းမည်းသဏ္ဌာန်များမှာ သူတို့သွားမည့်လမ်းမှ စောင့်ဆိုင်းနေကြလေသည်။

"မကောင်းဆိုးဝါးတွေ မနည်းလှပါလား"

ထိုအချိန်တွင် သစ်ပုတ်ပင်သဘက်ကြီးအသံကို ကြားရသည်။

"ဒီမကောင်းဆိုးဝါးတွေကို ကျုပ်ရှင်းပေးပါ့မယ်၊ ဒီနေရာကသာ စောင့်နေကြပါ"

ဟု ပြောကာ ထမ်းပိုးဝါးကြီးကို ကိုင်ကာ ရှေ့သို့ ထွက်လာသည်။ အကောင်အထည်ကို မမြင်ရသော်လည်း ထမ်းပိုးဝါးကြီးက တယမ်းယမ်းကိုတော့ အတိုင်းသား မြင်နေရသည်။

(၁၂)တောင်ခန့် ရှည်သော ထမ်းပိုးဝါးကြီးကို အဖျားမှ တစ်ဖက်တည်း ကိုင်ထားဟန် ရှိလေသည်။

ကြောက်မက်ဖွယ် အဆင်းသဏ္ဌာန်ရှိသော သရဲ၊ တစ္ဆေ၊ ကျတ်၊ မှင်စာ အစရှိသော မကောင်းဆိုးဝါးများသည် အမျိုးမျိုးခြောက်လှန့်ကာ ရှေ့သို့ တိုးဝင်လာကြလေသည်။

မလှမ်းမကမ်း ရောက်လာတော့မှ ၎င်းတို့၏အဆင်းသဏ္ဌာန်





များကို သဲသဲကွဲကွဲ လှမ်းမြင်ရတော့သည်။

ထိုအချိန်တွင် သစ်ပုတ်ပင်သဘက်ကြီးမှာ ဝါးရင်းတုတ်ကြီး တယမ်းယမ်းနှင့် ရှေ့သို့ ထွက်သွားသည်ကို မြင်လိုက်ကြရသည်။

ခဏကြာတော့ တုတ်ကြီးဖြင့် လိုက်လံရိုက်နှက်နေသည်ကို မသဲမကွဲ လှမ်းမြင်ရသည်။

တဖုန်းဖုန်း၊ တအုန်းအုန်း အသံများအပြင် အော်ဟစ်ညည်းညူသံများကို အတိုင်းသား ကြားနေရသည်။

တစ်ခါတစ်ရံမှာလည်း နပန်းလုံးနေသကဲ့သို့ ထွေးလုံးနေသည့်အသံများ ကြားရသည်။

တစ်ခါတစ်ရံမှာ အသံများက အဝေးရောက်သွားပြီး တစ်ခါတစ်ရံမှာ အနီးသို့ ပြန်ရောက်လာလေသည်။

နောက်ဆုံး သန်းခေါင်ယံအချိန်လောက် ရောက်သောအခါ အသံများလည်း တဖြည်းဖြည်း ဝေးသွားပြီး ပျောက်သွားလေတော့သည်။ အတန်ကြာသောအခါ ထမ်းပိုးဝါးကြီး တယမ်းယမ်းနှင့် သစ်ပုတ်ပင် သဘက်ကြီး ပြန်ရောက်လာလေသည်။

"အားလုံးပြေးပါပြီ"

ဟု ပြောလိုက်သောအခါ အမှောင်တွင်းမှ အသံကို ကြားရသဖြင့် မိမိတို့နေရပ်သို့ ကောင်းမွန်စွာ ပြန်နိုင်ခဲ့ကြလေသည်။

နောက်ပိုင်းတွင် အခြားနေရာများသို့ အလှူမင်္ဂလာပွဲ လိုက်လံ



www.burmeseclassic.com

www.burmeseclassic.com



ပြသသည့်အခါတိုင်း သစ်ပုတ်ပင်သဘက်ကြီးကို ခေါ်သွားလေတော့သည်။

ထိုသို့ခေါ်သွားတိုင်း အစားကို ကောင်းစွာကျွေး၍ အမျှအတမ်းများကိုလည်း ဝေပေးလေသည်။

တစ်ညတော့ အိမ်အနီးမှာ လာပြီး အသံသြသြကြီးနှင့် လာပြောလေသည်။

"ဆရာကြီး. . . ကျုပ်ဒီဘဝက ကျွတ်တော့မှာမို့ ဆရာကြီးတို့ကို လာပြီးနှုတ်ဆက်တာပါ၊ ကျုပ်ကို အစားအစာကျွေးပြီး အမျှအတန်း ဝေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျုပ်သွားတော့မယ် ဆရာကြီး"

ဟု ပြောဆိုနှုတ်ဆက်ကာ အသံမှာ တဖြည်းဖြည်း ပျောက်ကွယ်သွားလေတော့သည်။

ဤသို့ဖြင့် သစ်ပုတ်ပင်သဘက်ကြီး မရှိတော့သည့်နောက်ပိုင်းတွင် ဦးဇန်ကောင်းလည်း ခရီးဝေးဝေး သွားရသောနေရာများကို သွားရောက်ပြသခြင်း မရှိတော့ဘဲ ခရီးနီးသည့်နေရာများ၌သာ လိုက်လံပြသပေးလေသည်။

အလမ္မာယ်ပွဲမှ ရရှိလာသော ငွေကြေးများကိုလည်း ရောက်သည့်အရပ်ရှိ ဘုရားများ၌ လှူဒါန်းထားခဲ့လေသည်။

ဤသို့ဖြင့် မြွေနက်ကြီးနှစ်ကောင်အား ဖမ်းဆီးထားသည်မှာ





လပိုင်းမျှသာ လိုသောအချိန်သို့ ရောက်လာလေတော့သည်။

တစ်နေ့ နီမောင်တစ်ယောက်တည်း အိမ်မှာ ရှိနေစဉ် **စောမြချယ်**တစ်ယောက် ရောက်လာလေသည်။

"အော်. . . စောမြချယ်ပါလား"

စောမြချယ်က နီမောင်နှင့် မလှမ်းမကမ်းနေရာ၌ ဝင်ထိုင်လေသည်။

"စောမြချယ်တို့တောင် သတ်မှတ်ထားတဲ့ရက်ပြည့်ဖို့ သိပ်မလိုတော့ဘူးနော်"

"ဟုတ်ပါတယ် အစ်ကို"

"ဒီကိစ္စတွေ ပြီးရင်တော့ နေရာဟောင်းကို ပြန်ကြရတော့မှာပေါ့နော်"

နီမောင်၏အသံမှာ လွမ်းဆွတ်သံများ အနည်းငယ်ပါနေလေသည်။

"ဟုတ်တယ် အစ်ကို၊ ကျွန်မလည်း အဲဒီအကြောင်း တွေးမိလို့ စိတ်မကောင်းဖြစ်နေမိတယ်"

"ဘာကြောင့်လဲဟင်"

"အရင်ဘဝဟောင်းကို ကျွန်မပြန်မသွားချင်တော့ဘူး၊ အခုလိုသာမန်လူတစ်ယောက်ဘဝနဲ့ပဲ နေချင်တော့တယ်၊ ကျွန်မတို့ ပြန်ရင်တော့ရင် အစ်ကိုတို့ရော ဘယ်သွားကြမှာလဲဟင်"



www.burmeseclassic.com

"အဘပြောတာကတော့ စောမြချယ်တို့ရဲ့ကိစ္စတွေ ဆောင်ရွက်ပေးပြီးရင် နေရပ်ကို ပြန်တော့မယ်လို့ ပြောတယ်"

"ဟင်. . . ဒါဖြင့် ဒီနှစ်ဆောင်ပြိုင်အိမ်ကြီးက နေမယ့်သူ မရှိဘဲ ဘယ်လိုလုပ်မလဲဟင်"

"အဘ ပြောတာကတော့ အားလုံးအကျိုးရှိအောင် ဘုန်းကြီးကျောင်းအတွက် လှူထားခဲ့မယ်လို့ ပြောတယ်"

"အစ်ကိုတို့က မပြန်ဘဲ ဒီမှာပဲ ဆက်နေလို့ မဖြစ်ဘူးလား"

"ဒါက ကျွန်တော့်သဘော မဟုတ်ပါဘူး၊ အဘစီစဉ်တဲ့အတိုင်းပဲ လုပ်ရမှာပါ"

"ဒါဖြင့် အစ်ကိုနဲ့ကျွန်မတို့နဲ့ မတွေ့နိုင်ကြတော့ဘူးပေါ့နော်"

စောမြချယ်အသံမှာ ဝမ်းနည်းသံ ပါနေလေသည်။

"အဝေးရောက်သွားရင်တော့ ဒီနေရာကို တစ်ခေါက်ပြန်ရောက်ဖို့ မလွယ်တော့ဘူးထင်တယ်၊ ကျွန်တော်လည်း စောမြချယ်တို့နဲ့ ဒီလောက်နှစ်ကြာကြီး အတူတူနေလာကြပြီးမှ ခွဲရတော့မှာမို့ စိတ်မကောင်းဖြစ်နေရပါတယ်"

"ဒီလိုဖြင့် အစ်ကို ကျွန်မတို့ညီအစ်မနဲ့ အတူတူ လာနေပါလားဟင်"

"ဒီလိုတော့ ဖြစ်နိုင်မယ် မထင်ပါဘူး၊ နောက်ပြီး ဘဝချင်းမှ မတူတာ၊ အတူတူနေလို့ ဖြစ်မှာမှ မဟုတ်တာ၊ တကယ်ဆိုရင် စောမြ



ချယ်က ကျွန်တော်တို့နဲ့အတူ လိုက်နေရင် ပိုပြီးအဆင်ပြေတာပေါ့"

ထိုစကားကြားသောအခါ စောမြချယ်မျက်နှာပေါ်မှာ ရှက်သွေးကလေးများ ဖြာသွားလေသည်။

"အဲဒါက ကျွန်မသဘောတစ်ခုထဲနဲ့ လုပ်လို့မရဘူး အစ်ကိုရဲ့၊ အဘိုး ခွင့်ပြုပေးရမှာ၊ ဒါထက် တကယ်လို့ အဘိုးက ခွင့်ပြုပေးလို့ ကျွန်မ လာနေရင်ကော အစ်ကိုတို့က လက်ခံမှာမို့လို့လား"

"စောမြချယ်သာ လာနေမယ်ဆိုရင် တစ်သက်လုံး လာနေမယ်ဆိုရင်တောင် တာဝန်ယူထားပေးမှာပေါ့"

ဟု ပြောလိုက်ရာ ရှက်ပြုံးကလေးဖြင့် ခေါင်းငုံ့သွားလေသည်။ ထို့နောက် နီမောင်က ၎င်းလက်မှာ ဝတ်ထားသော ပတ္တမြားလက်စွပ်ကို ချွတ်၍ စောမြချယ်ကို ပြန်ပေးလေသည်။

"ရော့. . . ဒီမှာ စောမြချယ် ပေးထားတဲ့လက်စွပ်၊ ဒီမှာဘာမှ အသုံးမလိုတော့လို့ ပြန်ပေးတာပါ"

ထိုစကားကြားသောအခါ စောစောက ပြုံးနေသော မျက်နှာလေးမှာ ညှိုးကျသွားလေသည်။

"ဒီပစ္စည်းက အစ်ကို့အတွက် သက်သက်ပေးခဲ့တာပါ။ တကယ်လို့ ကျွန်မတို့ချင်း မတွေ့နိုင်ကြတော့ဘူးဆိုရင်တောင် ကျွန်မကို သတိရနေစေဖို့ လက်ဆောင်ပေးခဲ့တာပါ၊ အစ်ကိုပဲ အမြဲဝတ်ထားပါ"

ထိုစကားကြားသောအခါ နီမောင်က. . .

www.burmeseclassic.com



"ဒီပစ္စည်း မရှိရင်တောင်မှ ကိုယ့်အနေနဲ့ စောမြချယ်တို့ညီအစ်မကို အမြဲတမ်း သတိရနေမှာပါ"

ဟု ပြောလိုက်လေသည်။

ထို့နောက်တွင် စောမြချယ်တစ်ယောက် ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျကာ တရှုံ့ရှုံ့ ငိုရင်း ထပြန်သွားလေတော့သည်။

နီမောင်လည်း လက်ထဲမှာ ကိုင်ထားသော ပတ္တမြားလက်စွပ်ကလေးကို ကြည့်ရင်း စိတ်မကောင်းဖြစ်ကာ ကျန်ရစ်ခဲ့လေသည်။

နောက်တစ်ပတ်ခန့်ကြာသောအခါ ကျောက်ပန်းတောင်းနှင့်ပုပ္ပားတောင်မကြီးကြား၌ ရှိသော ရွာတစ်ရွာမှ လူများ ရောက်လာကြလေသည်။

၎င်းတို့ရွာတွင် အလှူပွဲ ရှိသဖြင့် မြွေအလမ္ပာယ်ပွဲဖြင့် လာရောက်အကူအညီပေးရန် ဖိတ်ကြားရန် လာကြခြင်းဖြစ်၏။ ဦးဇန်ကောင်းကလည်း ဒီတစ်ပွဲ ပြီးပါက မြွေနက်ကြီးနှစ်ကောင်အား ၎င်းတို့နေရာသို့ ပြန်ပို့ပေးရတော့မည်မို့ နောက်ဆုံးတစ်ပွဲအနေနှင့် ပြသရန်လက်ခံလိုက်လေသည်။

ပွဲရက်ရောက်သောအခါ အလှူရှင်များက လှည်းနှစ်စီးဖြင့် လာရောက်ခေါ်သဖြင့် လှည်းတစ်စီးပေါ်တွင် ပခြုပ်ကြီးတစ်လုံးစီ တင်၍ လိုက်သွားကြလေသည်။

ထိုရွာသို့ ရောက်သောအခါ အလှူပွဲရက်တွင် မြွေအလမ္ပာယ်





ပွဲကို အစွမ်းကုန် ပြသပေးလေသည်။

ထိုပွဲပြီးသောအခါ ဦးဇန်ကောင်းက. . .

"ဒီပွဲပြီးရင် ကျုပ်တို့လည်း နေရပ်ပြန်တော့မှာမို့ နောက်ဆုံးပြသပေးခြင်းဖြစ်ပါတယ်၊ ကျေနပ်အောင်သာ ကြည့်ရှုတော်မူကြပါ"

ဟု ပြောလိုက်သောအခါ လူအုပ်အတွင်းမှ အသက်ကြီးကြီးလူတစ်ယောက်က ထမေးလေသည်။

"ဆရာကြီးတို့က ပြန်တော့မယ်ဆိုတော့ ဒီမြွေကြီးနှစ်ကောင်ကိုရော ဘယ်လိုလုပ်မှာလဲ"

"သူ့နေရာဟောင်းကို ပြန်ပို့ပေးခဲ့မှာပေါ့"

ဟု ပြောလိုက်သောအခါ ထိုလူကြီးက ပြန်ထိုင်သွားလေသည်။ ပွဲပြီး၍ ပြန်လာသောအချိန်မှာ ညနေပိုင်းအချိန်ဖြစ်လေသည်။ ရွာအပြင်ဘက် တစ်နေရာ ရောက်သောအခါ လူတစ်စုက စောင့်နေကြလေသည်။

ထိုလူအုပ်၏ခေါင်းဆောင်မှာ မြွေအလမ္ပာယ်ပြစဉ်က ထမေးခဲ့သောလူကြီးပင်ဖြစ်လေသည်။

"ဘာကိစ္စရှိပါလဲ"

ဦးဇန်ကောင်းက လှမ်းမေးလိုက်သည်။

"ဆရာကြီးနဲ့ ဆွေးနွေးစရာရှိလို့ပါ"

"ဘာများပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးက ဒီပွဲပြီးရင် မြွေကြီးနှစ်ကောင်ကို ပြန်လွှတ်ပေးမယ်ဆိုတော့ အခုပဲ ကျုပ်တို့ လက်ခံယူပ့်ါမယ်"

"မဖြစ်ဘူးထင်တယ်"

"ဘာကြောင့် မဖြစ်ရမှာလဲ၊ ကျုပ်လဲ မြွေဆရာတစ်ယောက်ပဲ၊ မြွေဆရာတိုင်းကျော်ဆိုတာ ကျုပ်ပဲ၊ ဒီမြွေတွေကို ခင်ဗျားက နိုင်နိုင်နင်းနင်း ပြသနိုင်သလို ကျုပ်လည်း ပြနိုင်ပါတယ်၊ သွားပြန်လွှတ်နေရင် အလုပ်ရှုပ်ပါတယ်၊ အခုပဲ ကျုပ်တို့လက်ထဲ အပ်ထားခဲ့ပါ"

တိုင်းလုံးကျော်ဆိုသောလူကြီးနှင့် အဖွဲ့သားများက အနုနည်းနဲ့ မရလျှင် အကြမ်းနည်းဖြင့် ယူကြမည့်ပုံမျိုး ပေါ်နေလေသည်။

"ခင်ဗျားလည်း ဆရာတစ်ယောက်ဆိုရင် ကတိသစ္စာ မပျက်ရဘူးဆိုတာကို သိမှာပါ။ ကျုပ် သူတို့ကို ဖမ်းလာစဉ်က သုံးနှစ်စေ့ရင် သူတို့နေရာကို ပြန်ပို့ပေးပါ့မယ်လို့ ကတိသစ္စာ ပြုထားခဲ့ရတယ်၊

ကတိသစ္စာအတိုင်း သူတို့ကို နဂါးနက်တောင်ခြေ ရောက်အောင် ပြန်ပို့ပေးရပါ့မယ်၊ ခင်ဗျားတို့ လိုချင်ရင် နဂါးနက်တောင်ခြေအထိ လိုက်ခဲ့ကြပါ၊ အဲဒီရောက်တော့ ခင်ဗျားတို့သဘောအတိုင်း ပြုခွင့်ရှိပါတယ်"

ဟု ပြောလိုက်ကာ တိုင်းလုံးကျော်နှင့် တပည့်များလည်း လှည်းများပေါ် တက်ကာ လိုက်လာကြလေသည်။

ဦးဇန်ကောင်းက လှည်းမောင်းသမားနှစ်ယောက်ကို နှစ်





ဆောင်ပြိုင်သို့ ပြန်မပို့ဘဲ နဂါးနက်တောင်ခြေမှ လိုဏ်ခေါင်းကြီးရှိရာသို့ မောင်းပို့ရန် ပြောလိုက်လေသည်။

လှည်းပေါ် ရောက်တော့ တိုင်းလုံးကျော်က စောလှနွယ်နှင့် စောမြချယ်တို့ကို ကြည့်ကာ မေးသည်။

"သူတို့က ဘယ်သူတွေလဲ"

"ကျုပ်တူမတွေပါ"

"သူတို့နှစ်ယောက်က မြွေအလမ္ပာယ်ပြတာ အတော်ကလေး ကျွမ်းကျင်တယ်၊ မြွေကြီးနှစ်ကောင်အပြင် သူတို့ပါ ရရင် ပိုကောင်းမယ်ထင်တယ်"

ထိုအခါမှ စောလှနွယ်က ပြောသည်။

"ရှင်တို့သာ မြွေကြီးနှစ်ကောင်ကို ရအောင် ထိန်းနိုင်မယ်ဆိုရင် ကျွန်မတို့ညီအစ်မလည်း လိုက်ခဲ့ဖို့ ဝန်မလေးပါဘူး"

"မင်းကတိသာ တည်ပါစေ မိန်းကလေး"

"ကတိတည်ပါတယ်. . . ကျွန်မတို့ညီအစ်မက မြွေကြီးနှစ်ကောင်ကို သံယောဇဉ် ရှိနေတော့ တကယ်လို့သာ သူတို့နှစ်ကောင် ရှင်တို့လက်ထဲ ရောက်သွားခဲ့ရင် ကျွန်မတို့ညီအစ်မလည်း လိုက်ခဲ့ပါမယ်"

ဟု ပြောဆိုလေသည်။

လှည်းနှစ်စီးမှာ တရွေ့ရွေ့ဖြင့် မောင်းသွားလေရာ ညဦးပိုင်း



www.burmeseclassic.com

www.burmeseclassic.com



အချိန်လောက်တွင် နဂါးနက်တောင်ခြေရှိ လိုဏ်ခေါင်းပေါက်ဝသို့ ရောက်သွားကြလေသည်။

ထိုနေရာသို့ ရောက်သောအခါ မြွေပခြုပ်ကြီးနှစ်လုံးကို အောက်သို့ ချပြီး လှည်းသမားနှစ်ယောက်ကို ပြန်လွှတ်လိုက်လေသည်။

"ဆရာကြီးနဲ့အစ်ကိုတို့က ဝေးဝေးမှာပဲ နေကြပါ၊ မြွေကြီးနှစ်ကောင်ကို ကျွန်မတို့နှစ်ယောက်ကပဲ သူတို့လက်ထဲကို အပ်ပေးလိုက်ပါ့မယ်"

ဟု ပြောသဖြင့် ဦးဇန်ကောင်းနှင့် နီမောင်တို့လည်း သဘောပေါက်စွာဖြင့် မလှမ်းမကမ်းနေရာ၌ သွားနေကြလေသည်။

ထိုအခါ စောလှနွယ်နှင့် စောမြချယ်တို့က ပခြုပ်ကြီးနှစ်လုံးကို အဖုံးဖွင့်လိုက်သည်။

ထိုကဲ့သို့ ဖွင့်လိုက်သည်နှင့် မြွေနက်ကြီးနှစ်ကောင်က ပခြုပ်အတွင်းမှ 'ရှူး'ကနဲ ခေါင်းထောင်ထွက်လာရာ တိုင်းလုံးကျော်တို့ပင် လန့်သွားကြသည်။

"မြွေဖမ်းမယ့်လူတွေက မြွေမြင်ရုံနဲ့ လန့်နေရသလား၊ ကဲ. . ဒီမြွေနှစ်ကောင်ကိုသာ ရအောင်ဖမ်းပေတော့၊ ဖမ်းလို့ရရင် ကျွန်မတို့ ညီအစ်မပါ လိုက်ခဲ့မယ်"

ဟု ပြောရာ တိုင်းလုံးကျော်လည်း လွယ်အိတ်ထဲမှာ ပါလာ





သော အင်းချပ်များ၊ လက်ဖွဲ့များ၊ ဆေးများဖြင့် နည်းအမျိုးမျိုး သုံးကာ မြွေနှစ်ကောင်ကို ပခြုပ်တွင်း ပြန်ဝင်စေရန် ကြိုးစားသော်လည်း မရတော့ဘဲ အပြင်ထွက်လာကြသည်။

"ဟဲ့. . . ငါဆရာရဲ့အမိန့်နဲ့ ငါ့ရှေ့ကို လာကြစမ်းဟဲ့"

ဟု အမိန့်ပေးလိုက်ရာ တရွေ့ရွေ့ဖြင့် ရှေ့တိုးလာပြီး အနီးရောက်လာသောအခါ 'ဖြီး'ကနဲ ပါးပျဉ်းထထောင်လိုက်သည်။

ထိုအခါ တိုင်းလုံးကျော်နှင့် ၎င်းတပည့်များ၏ခေါင်းပေါ်သို့ မြွေနက်ကြီးနှစ်ကောင်၏ပါးပျဉ်းများက မိုးနေတော့သည်။ ထန်းပင်တမျှ မြင့်သော မြွေနှစ်ကောင်၏ပါးပျဉ်းထောင်နေသည်ကို မြင်သောအခါ ဆရာတိုင်းလုံးကျော်တို့တတွေမှာ ထိတ်လန့်ကြောက်ရွံ့သွားကြလေသည်။

ထိုအခါမှ နောက်ကြောင်းပြန်ပြေးရန်လည်း အချိန်မရတော့ပေ။

"ဘယ်လိုလဲ. . . မြွေနှစ်ကောင်ကိုတောင် ပခြုပ်ထဲ ပြန်ဝင်အောင် မလုပ်နိုင်ဘဲနဲ့ အလမ္ပာယ်ဆရာ လုပ်ချင်သေးသလား"

မလှမ်းမကမ်းမှာ ခါးထောက်လျက် ရပ်ကာ မီးဝင်းဝင်းတောက်လုမတတ် နီရဲနေသောမျက်လုံးများဖြင့် လှမ်းကြည့်နေသော ညီအစ်မနှစ်ယောက်ကို မြင်သောအခါ ပိုမိုထိတ်လန့်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုင်းလုံးကျော်၏မျက်လုံးထဲတွင် ညီအစ်မနှစ်ယောက်စလုံး၏မျက်နှာမှာ လူမျက်နှာ မဟုတ်တော့ဘဲ မြွေတစ်ကောင်၏မျက်နှာမျိုး ပြောင်းလဲလာသည်ကို မြင်တွေ့လိုက်ရသည်နှင့် . . .

"ဟင် . . . နင်တို့ လူတွေမှ မဟုတ်ကြဘဲ"

ဟု အော်ဟစ်ပြောဆိုကာ ခြေဦးတည့်ရာသို့ ပြေးကြလေတော့သည်။ သို့သော်လည်း မလွတ်နိုင်ကြတော့ပေ။

ပါးပျဉ်းထောင်ထားသော မြွေနက်ကြီးနှစ်ကောင်၏ပါးစပ်နှင့်နှာခေါင်းအတွင်းမှ မည်းပြာပြာ အခိုးအငွေ့များ မှုတ်ထုတ်လိုက်ရာ ထိုအခိုးအငွေ့များ ထိလိုက်သည်နှင့် အတုံးအရုံး လဲကျသွားလေတော့သည်။

အတန်ကြာသောအခါ မြွေဆိပ်များ တက်ပြီး တစ်ကိုယ်လုံး မည်းပြာကာ သေဆုံးသွားကြလေတော့သည်။

ထိုအခါမှ မြွေနက်ကြီးနှစ်ကောင်လည်း လိုဏ်ခေါင်းအပေါက်ဝသို့ ပြန်လာကြသည်။

ထိုအခိုက်မှာပင် လိုဏ်ခေါင်းအတွင်းမှ ဦးဒီပ ထွက်လာလေသည်။ ဦးဒီပကို မြင်သောအခါ စောလှနွယ်နှင့် စောမြချယ်တို့ ညီအစ်မနှစ်ယောက်က ကန်တော့လိုက်ကြလေသည်။

ဦးဗန်ကောင်းနှင့် နီမောင်တို့ကလည်း ထိုနေရာသို့ လာကြသည်။





"ကျုပ်ကတိအတိုင်း သုံးနှစ်စေ့လို့ သူတို့ကို ပြန်လာပို့ပေးတာပါ။ ဒီသုံးနှစ်အတွင်းမှာ သူတို့အတွက်နဲ့ ရတဲ့ငွေကြေးအားလုံးကိုလည်း လှူဒါန်းပြီးပါပြီ"

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ် မိတ်ဆွေကြီး၊ အခုတော့ သူတို့အပေါ်မှာ တင်နေတဲ့အပြစ်ကြွေးလည်း ကျေသွားခဲ့ပြီပေါ့၊ ဒီအတွက် ကျေးဇူးဆပ်ပါရစေ"

ဟု ပြောကာ အသင့်ယူလာသော အိတ်အနက်တစ်လုံးကို ကမ်းပေးသဖြင့် ဦးဗန်ကောင်းက လှမ်းယူလိုက်သည်။

"ဒီအထုပ်ထဲမှာ ရွှေငွေရတနာပစ္စည်းတွေ ပါပါတယ်၊ တစ်စုကို မိတ်ဆွေကြီး စိတ်ရှိသလို သုံးပါ၊ ကျန်တစ်စုကိုတော့ အလှူဒါနပြုပေးပြီး ကျုပ်တို့ကို အမျှအတန်းဝေပေးပါ"

"ကောင်းပါပြီ . . . ကျုပ်တို့တူဝရီးလည်း မကြာခင် နေရပ်ပြန်ကြတော့မှာမို့ တစ်ခါတည်း နှုတ်ဆက်ခဲ့ပါရစေ"

ဟု ပြောဆိုလေရာ မလှမ်းမကမ်း၌ ရပ်နေကြသော စောလှနွယ်နှင့် စောမြချယ်တို့ထံမှ ငိုရှိုက်သံများ ပေါ်ထွက်လာလေသည်။

နီမောင်စိတ်ထဲမှာလည်း ဝမ်းနည်းကြေကွဲမှုများဖြင့် ဆို့နင့်နေသည်။

သို့သော်လည်း မတတ်နိုင်တော့ပေ။

အတန်ကြာ၍ ထိုနေရာမှ နှုတ်ဆက်ပြီး ထွက်လာကြသော



www.burmeseclassic.com

www.burmeseclassic.com



အခါ လိုဏ်ခေါင်းအပေါက်ဝ၌ လက်ပြန္နုတ်ဆက်ရင်း ကျန်ရစ်ခဲ့ကြလေသည်။

နောက်တော့ အမှောင်ရိပ်များဖြင့် ဝေ့ဝါးပျောက်ကွယ်သွားလေတော့သည်။

"နေရစ်ခဲ့ပေဦးတော့ ကံဆိုးသူတို့ရယ်"

ဟုသာ ရင်ထဲမှ ရေရွတ်နေရုံမှတစ်ပါး အခြားမတတ်နိုင်တော့ပေ။





## အခန်း(၁၀)

# ဝင့်ကြွေးကျေးသူနှင့် ဘာဝနီဒါန်း

နောက်တစ်ပတ်ခန့်ကြာသောအခါ ဦးဗန်ကောင်းက **သစ်**ပုတ်ပင်ရွာ၌ ရှိသော ဘုန်းကြီးကျောင်းမှ ဘုန်းကြီးများအပြင် အနီး**ဝန်း**ကျင်တဝိုက်တွင် ရှိသော ဘုန်းကြီးကျောင်းများမှ ဘုန်းကြီးများ**ကို** နှစ်ဆောင်ပြိုင်အိမ်ကြီး ရှိရာသို့ ပင့်ကာ လှူဖွယ်ဝတ္ထုများနှင့် သ**ပိတ်**သက်န်း စသည်တို့ကို ဆက်ကပ်လှူဒါန်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လာသမျှ ဧည့်ပရိသတ်များကိုလည်း ထမင်းဟင်းများဖြင့် ကျွေးမွေးဧည့်ခံကာ အလှူပွဲကြီး ပြုလုပ်လေသည်။

ထိုအလှူပွဲသို့ ရပ်ဝေးမှ ဧည့်သည်များပင် လာရောက်ကြသည်။ ထိုအထဲတွင် ထူးခြားသော ဧည့်သည်သုံးယောက်တို့လည်း ရောက်လာကြသည်။

အခြားမဟုတ်ပေ။

ဦးဒီပနှင့် စောလှနွယ်၊ စောမြချယ်တို့ညီအစ်မနှစ်ယောက်တို့ဖြစ်ကြလေသည်။

၎င်းတို့ ရောက်လာသဖြင့် ဦးဒီပနှင့် နီမောင်တို့မှာ များစွာ ဝမ်းမြောက်ဝမ်းသာ ရှိကြလေသည်။

သုံးယောက်စလုံး ပိုးဖဲကတ္တီပါ၊ ရွှေငွေလက်ဝတ်တန်ဆာများ ဝတ်ဆင်လာကြသည်။

၎င်းတို့သည် ရောက်လာသည်နှင့် ဧည့်သည်ကဲ့သို့ မနေကြဘဲ နီမောင်တို့နှင့်အတူ လိုအပ်သောကိစ္စများကို ဝိုင်းဝန်းလုပ်ကိုင်ပေးကြလေသည်။

ထို့နောက် တရားနာ၍ ရေစက်ချ အမျှဝေသောအခါမှာလည်း အတူတကွပင် ပြုလုပ်ကြလေသည်။

အလှူပွဲပြီးသောအခါ ဦးဗန်ကောင်းက ၎င်းတို့နေထိုင်သော နှစ်ဆောင်ပြိုင်အိမ်ကြီးကို ရဟန်းသံဃာတော်များ ကျောင်းအဖြစ်



BURMESE CLASSIC .com



လက်ခံသီတင်းသုံးပါရန် လျှောက်ထားပြီးနောက် ရေစက်ချကာ လှူဒါန်းလိုက်လေသည်။

အလှူပွဲပြီး၍ ဧည့်သည်များ ပြန်သွားကြသော်လည်း ဦးဒီပတို့သုံးယောက်က မပြန်သေးဘဲ ကျန်နေခဲ့ကြသည်။

"အခု အလှူပွဲလုပ်တာ မိတ်ဆွေကြီးတို့အတွက် ရည်စူးပြီး လုပ်ပေးတာပါ၊ အမျှရတယ်မဟုတ်လား"

"ရပါတယ်ဗျာ. . . ဒီအတွက်လည်း ကျေးဇူးတင်ပါတယ်၊ ဒါထက် မိတ်ဆွေကြီးတို့က ဘယ်တော့လောက်များ ခရီးဆက်ကြမှာပါလဲ"

"မနက်ဖြန်လောက်ဆိုရင် သွားကြမှာပါ၊ အပြန်မှာ ပုပ္ပားတောင်ဘက် ဝင်ပြီး ဘုရားလည်း ဖူးရင်း၊ အဓိဋ္ဌာန်လည်း ဝင်ရင်းနဲ့ သွားမှာပါ"

"ဒီလိုဖြင့် အကူအညီတစ်ခု ထပ်တောင်းချင်ပါသေးတယ်"

"ခွင့်တောင်းရမယ့်လူတွေမှ မဟုတ်တော့တာ၊ လိုတာရှိရင်သာ ပြောပါ၊ လုပ်နိုင်ရင် လုပ်ပေးပါ့မယ်"

"တခြားတော့ မဟုတ်ပါဘူး၊ ကျုပ်မြေးမလေးတစ်ယောက်ကို မိတ်ဆွေကြီးတို့နဲ့ ထည့်လိုက်ချင်တာပါ"

"ဟင်. . "

ထိုစကားကြားသောအခါ နီမောင်ရော ဦးဗန်ကောင်းပါ



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩသွားကြလေသည်။

"သူက ဝဋ်ကြွေးကံကုန်လို့ လူ့ဘဝ ပြန်ခွင့်ရသွားပါပြီ၊ ကျုပ်တို့ကလည်း သူ့ကို လိုက်ပြီးမစောင့်ရှောက်နိုင်တော့ မိတ်ဆွေကြီးတို့လက်ပဲ အပ်ထည့်လိုက်ပါရစေ"

ထိုစကားကြားသောအခါ နီမောင်မှာ ထခုန်မတတ် ဝမ်းသာသွားမိလေသည်။

"ရပါတယ်ဗျာ. . . ဒီအတွက် ဘာမှစိတ်မပူပါနဲ့၊ ကိုယ့်သွေးသားအရင်းလို စောင့်ရှောက်ပြီး ခေါ်သွားပေးပါ့မယ်၊

သူပါလာတော့ ကျုပ်တူ နီမောင်အတွက်လည်း အဖော်ရတာပေါ့"

"အို. . . အဘကလဲ"

နီမောင်က ရှက်ကိုးရှက်ကန်းဖြင့် ပြောလိုက်ရာ ကျန်လူများက ပြုံးလိုက်ကြလေသည်။

"ကိုင်း. . . ဒီလိုဖြင့် ကျုပ်တို့ ပြန်ပါတော့မယ်၊ တကယ်လို့အကြောင်းသင့်ရင် နဂါးနက်တောင်ဘက်ကိုလည်း လာခဲ့ဖို့ တလက်စတည်း ဖိတ်ခေါ်လိုက်ပါတယ်"

"ကောင်းပါပြီ. . . ရောက်အောင်လာခဲ့ပါ့မယ်ဗျာ"

ထို့နောက် ဦးဒီပနှင့် စောလှနွယ်တို့ ပြန်သွားကြရာ စောမြချယ်မှာ မျက်ရည်ကလေး အဝိုင်းသားနှင့် ကျန်ခဲ့ရှာသည်။





ဦးဗန်ကော့င်းက သဘောပေါက်သည့်အမူအယာဖြင့် နေရာမှ ထသွားသောအခါ နီမောင်က နှစ်သိမ့်မှု ပေးရလေသည်။

"ဘာမှစိတ်မကောင်း မဖြစ်ပါနဲ့တော့ကွယ်၊ သူတို့လည်း ဝဋ်ကြွေးကုန်တဲ့တစ်နေ့ လူ့ဘဝကို ပြန်ရောက်လာကြမှာပါ၊ သူတို့အတွက် ရည်စူးပြီး ကောင်းမှုကုသိုလ်တွေ လုပ်ပေးကြဖို့ပဲ ရှိပါတော့တယ်"

စောမြချယ်က မျက်ရည်အဝိုင်းသားဖြင့် မော့ကြည့်လေသည်။

"ကျွန်မအတွက်နဲ့ အစ်ကိုတို့မှာ အနှောင့်အယှက်များ ဖြစ်နေကြမလားဟင်"

"မဖြစ်ပါဘူး စောမြချယ်ရယ်၊ အဘပြောသွားသလိုပေါ့၊ စောမြချယ် ပါလာတော့ ကိုယ့်အတွက် အဖော်တောင် ရသေးတာပေါ့၊ အဖော်ဆိုတာတောင် ရိုးရိုးခရီးသွားဖော်မျိုး မဟုတ်ဘူးဗျ"

"ဘယ်လိုအဖော်မျိုးလဲဟင်"

"ကိုယ့်အတွက် ဘဝကြင်ဖော်အဖြစ် တစ်သက်လုံး ခေါ်သွားမယ်လို့ ပြောတာပါ"

"တကယ်ပြောတာလား အစ်ကို"

"တကယ်ပေါ့ကွယ်. . . ဒီစကားဟာ ကိုယ့်ရင်ထဲက ထွက်လာတဲ့ သစ္စာစကားအမှန်ဆိုတာတော့ ယုံကြည်စေချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ နီမောင်က စောမြချယ် လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ စောမြချယ်က မော့အကြည့် အကြည့်ချင်းဆုံသွားကြရာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ပြုံးလိုက်ကြသည်တွင် ကျွန်ုပ်ရေးသားသော(နှစ်ဆောင်ပြိုင်မာယာ)အမည်ရှိ ပရလောက ဂမ္ဘီရဆန်းကြယ်ဝတ္ထုမှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနီယာဟောတု သုခိအတ္တာနံပရိဟရန္တု။

ပြီး

စာပြီးချိန်။ ။(၂၀၀၈)ခုနှစ်၊ အောက်တိုဘာလ(၂၁)ရက်၊ အင်္ဂါနေ့၊ နေ့လည်(၃)နာရီ။

☺ အောင်မြင်စာပေ ☺

BURMESE CLASSIC .com

www.burmeseclassic.com